The Border Consortium

# ဒုက္ခသည်တို့၏ အသံများ ...

"ဒုက္ခသည်တို့၏ အသံများ ..." တွင် တင်ပြထားသည့် အကြောင်းအရာများ၌ ယာယီအိမ်ပြန်ကြသူတို့၏ အမြင်များကို နှိုင်းယှဉ်တင်ပြထားသည်။

မေလ၊ ၂၀၁၄ ခုနှစ်

# မာတိကာ

စာမျက်နှာ


**အစီရင်ခံစာအကျဉ်း** ........ ၄
**နိဒါန်း** ........ ၆
**ပရိသတ်များနှင့် ပတ်သက်၍ အသေးစိတ်အကြောင်းအချက်များ** ........ ၈
**ခရီးနှင့်ပတ်သက်၍ အသေးစိတ် အကြောင်းအချက်များ** ........ ၉
ဦးတည် အိမ်ပြန်ကြရာမြို့နယ်များ ........ ၁၀
စေ့ဆော်ချက်များ ........ ၁၀
**မြေပြင်ပေါ် လက်တွေ့အခြေအနေများ** ........ ၁၁
လက်နက်ကိုင်အဖွဲ့များ ရှိနေခြင်း ........ ၁၁
မြေမြှုပ်မိုင်း ထူပြောခြင်း ........ ၁၂
မြေပိုင်ဆိုင်ခွင့် ........ ၁၂
အသက်မွေးဝမ်းကျောင်းကိစ္စလုံခြုံမှု ........ ၁၄
သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း ........ ၁၅
ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ ........ ၁၆
မူးယစ်ဆေးဝါး ထူပြောခြင်း ........ ၁၇
အခြား ........ ၁၈
**ရေရှည်တည်တံ့သည့် အိမ်ပြန်ရေးအတွက် ဦးစားပေး အခက်အခဲများ** ........ ၁၉
အကြောင်းအရာအလိုက် သုံးသပ်ချက် ........ ၂၂
စခန်းအလိုက် သုံးသပ်ချက် ........ ၂၃
**နိဂုံး** ........ ၂၆
**အကြံပြုချက်များ** ........ ၂၇
**နောက်ဆက်တွဲများ** ........ ၂၈
နောက်ဆက်တွဲ ၁။စခန်းအလိုက် ဗီဒီယိုပြသသော မြို့နယ်များ ........ ၂၈
နောက်ဆက်တွဲ ၂။ ပြည်နယ်/မြို့နယ်အလိုက် ဗီဒီယိုပရိသတ်က တုံ့ပြန်ပြောကြားမှု........ ၂၈
နောက်ဆက်တွဲ ၃။ ဗီဒီယိုဖြန့်ဝေမှု ........ ၂၉

## အစီရင်ခံစာ အကျဉ်းချုပ်

ယခုနှစ် မတ်လနှင့် ဧပြီလများတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်း ၉ ခုမှ မိမိတို့နေထိုင်ခဲ့ရာ နေအိမ်များသို့ ခေတ္တခဏယာယီပြန်သွားသူ ဒုက္ခသည်များကို သီးသန့်တွေ့ဆုံဆွေးနွေးမှုများ ပြုခဲ့ပါသည်။ ဤသို့ဆွေးနွေးရသည့် ရည်ရွယ်ချက်မှာ ဒုက္ခသည်စခန်းများထဲရှိ ကိုယ်စားပြုသည့် လူဦးရေအုပ်စုများကို ပုံမှန်စစ်တမ်း ကောက်ယူမှုများပြုမည့် အစား၊ ပြန်သွား ကြသူများထံမှ လက်တွေ့အနေအထားတွင် အမှန်တကယ် ဖြစ်ပျက်နေမှုများအပေါ် သူတို့၏ တစ်ဦးချင်း ထင်မြင်ယူဆချက်များ၊ စိုးရိမ်ပူပန်မှုများကို ယေဘုယျသဘောထား အမြင်များ ရရှိနိုင်ရန်အတွက် ဖြစ်ပါသည်။

ယင်းသို့ တိုင်ပင်ဆွေးနွေးမှုများတွင် သူတို့ပြန်သွားကြသည့် ဧရိယာ၏ အခြေအနေများအပေါ် အလေးအနက်ထား ကာ မေးမြန်းခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံအတွင်း နိုင်ငံရေးအခြေအနေများအရ၊ စစ်ရေးအရ ပြောင်းလဲမှုများ စတင် ဖြစ်ပေါ်ချိန်မှစ၍ နေရပ်သို့ပြန်သွားကြသူများကိုယ်တိုင်၊ ဒေသနေပြည်သူများကိုယ်တိုင် ထိတွေ့ခံစားရသည့် အပြောင်းအလဲများကို မေးမြန်းခဲ့ပါသည်။ ထို့အပြင် လက်တွေ့ အခြေအနေတွင် အိမ်ပြန်ရန် မည်သည့်အခက်အခဲ၊ ဟန့်တားမှုများ ရှိနေသည်ကိုလည်း သိရှိနိုင်ရန် မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးရမည့်သူများကို ရပ်ကွက်လူကြီးများက ရွေးချယ်သတ်မှတ်ပေးခဲ့ပြီး၊ ထိုသူများမှာ အပစ်အခတ်ရပ်စဲရေးဖြစ်ပေါ်ချိန်မှစ၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသသို့ ပြန်သွားခဲ့ကြသူများ ဖြစ်ရပါမည်။ အရွယ်ရောက်ပြီးသူ လူကြီးများ ဖြစ်ရမည် ဖြစ်ပြီး၊ ကျား-မ အချိုးမျှတစေရန်လည်း စီစဉ်ခဲ့ကြပါသည်။ ယခုတိုင်ပင် ဆွေးနွေးမှုများတွင် အိမ်ပြန်သွားခဲ့ကြသူအရေအတွက်အားဖြင့် စုစုပေါင်း ၈၅ ဦး ပါဝင်ခဲ့ကြပြီး၊ ၃၅% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ ကျန်လူဦးရေ ၁၀၀ တွင် ရပ်ရွာအကြီးအကဲခေါင်းဆောင်များ၊ ယင်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်း ဝန်ထမ်းများထဲမှပါဝင် ဆွေးနွေးခဲ့သော်လည်း၊ ယခုအစီရင်ခံစာ၏ တွေ့ရှိချက်များမှာ မူရင်းနိုင်ငံ၊ နေရပ်ရင်းသို့ ပြန်သွားခဲ့ကြသော ဒုက္ခသည်များ၏ အမြင်ကိုသာ ထင်ဟပ်ဖော်ပြထားပါခြင်းဖြစ်ပါသည်။

ယခု ဆွေးနွေးမှုများ မတိုင်မီတွင်၊ ပါဝင်မည့်သူများကို ဖိတ်ခေါ်၍ သူတို့၏ ရွှေ့ပြောင်းသွားလာမှုကို သိရှိနိုင်ရန်အတွက် သူတို့အကြောင်းတစေ့တစောင်းကို ကိုယ်တိုင်မိတ်ဆက်စေခဲ့ပါသည်။ ဤလုပ်ငန်းတွင် သူတို့ကိုယ်တိုင် မိမိတို့၏ဆန္ဒအလျောက်ပြန်သွားသည့် နေ့ ရက်၊ ပြန်သွားသည့် အချိန်ကာလအကြာ၊ နေရာ၊ ပြန်အလည်သွားသည့် အကြောင်းအရင်းများ အပြင်၊ အိမ်ပြန်သွား သည့်လမ်းကြောင်းကိုပါ ဖော်ပြပြောဆိုခဲ့ကြပါသည်။

သူတို့ပြန်သွားကြသည့် နေရာမှာ အဓိကအားဖြင့် တောင်ပေါ်ကျေးလက်ဒေသများဖြစ်၍၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသရှိ ပြည်နယ်/တိုင်းများရှိ မြို့နယ် ၁၈-ခုကို လွှမ်းခြုံမှု ရှိပါသည်။ (ရှမ်းပြည်နယ် မပါဝင်ပါ)။ အဓိကပြန်ကြသည့် အကြောင်းရင်းမှာ မိသားစုအရေးကိစ္စဖြစ်၍ ၁-ရက်မှ ၉-လအထိ အချိန်ကာလကြာမြင့်စွာ နေထိုင်ခဲ့ကြပါသည်။

သူတို့၏ ပြောဆိုချက်များ၊ တင်ပြသည့် အမြင်များအပေါ် အခြေခံ၍ ရေရှည်တည်တံ့သည့် အိမ်ပြန်မှုဖြစ်ရန် အခက်အခဲ တားဆီးဟန့်တားမှုများ ရှိနေသေးကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ယခုတိုင်အောင် ဆက်လက်၍ စစ်တပ်တိုးချဲ့ချထားသည့်နေရာများ၊ ထိုနည်းတူ အခြေခံလူ့အခွင့်အရေးအခြေအနေများ၊ လွတ်လပ်ခွင့်များနှင့်စပ်လျဉ်း၍ အာမခံချက်မရှိသေးသည့်နေရာများ၊ တရားဥပဒေစိုးမိုးရေးကောင်းစွာမတည်ရှိသေးသည့်ဒေသများတွင် ထိုကဲ့သို့သော အခြေအနေအခက်အခဲများ ကြီးမားပါသည်။

စစ်တပ်များ ဆက်လက်၍တိုးချဲ့ချထားမှုကြောင့် ခံစားရသည့်မလုံခြုံမှုကို စခန်းများတွင်နေထိုင်၍ မိမိနေရပ်သို့ ခေတ္တပြန်သွားကြသောသူများ မိမိတို့ပြန်သွားကြသည့် နေရာဒေသများအားလုံးတွင် တွေ့ရှိရသော်လည်း၊ ကျန်အခက်အခဲများ၏ သဘောသဘာဝ၊ အဆင့် မြင့်မားမှုတို့မှာ စခန်းတစ်ခုနှင့် တစ်ခုအကြား၊ သူတို့ခေတ္တခဏ ပြန်သွားကြသည့် နေရာတစ်ခုနှင့် တစ်ခုမှာ အခြေအနေမတူညီကြဘဲ ကွဲပြားခြားနားမှုများ ရှိနေပါသည်။ အသက်မွေးဝမ်းမှုအတွက် အခက်အခဲများနှင့် မြေယာပိုင်ဆိုင်မှု/ ပြန်လည် ရယူပိုင်ခွင့်တို့မှာ နောက်ထပ်ရှိနေသည့် ကြီးလေးသော စိုးရိမ်ပူပန်မှုတစ်ရပ် ဖြစ်သည်။ (သို့သော် တောင်ပိုင်းစခန်း ၂-ခုတွင်မူ ပို၍လျော့ နည်းစွာ တွေ့ရှိရသည်။) မြေမြုပ်မိုင်းများ ထူထပ်စွာရှိနေမှုနှင့် ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုများ ရရှိနိုင်မှုတို့မှာ

နောက်မှလိုက်သည့် စိုးရိမ်ပူပန်များ ဖြစ်ကြပါသည်။ (ပထမပြဿနာမှာ မြောက်ပိုင်းစခန်းများတွင် တွေ့ရပြီး၊ ကျန်ပြဿနာမှာ တောင်ပိုင်းစခန်းများတွင် အတွေ့ရများပါသည်။)

အကြီးစား စက်မှုစီမံကိန်းများကြောင့် ဖြစ်ရသည့် မူးယစ်ဆေးဝါးထုပြောမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ဖြစ်ရသည့် စိုးရိမ်ပူပန်မှုမှာ ဖြေကြားကြသူများအတွက် အနည်းဆုံး ဖြစ်ပါသည်။ (အုန်းဖျဲစခန်းနှင့် မဲလအုန်းစခန်းတို့တွင်မူ ချွင်းချက်အဖြစ်တွေ့ရသည်။) ဒေသတွင်းဖြစ်နေသည့် အခြေအနေများအရ ယင်းအခက် အခဲများ၏ ထိခိုက်သက်ရောက်မှုများနှင့် စိုးရိမ်ပူပန်မှုများမှာ တိုးများလာဖွယ်ရာ ရှိနေပါသည်။ အနာဂတ်ကာလတွင် ပို၍ အာရုံစိုက်မှု ခံလာရဖွယ်လည်း ရှိနေသည်။

နိုင်ငံတကာ စံချိန်စံနှုန်းများအရ ရေရှည်တည်တံ့မှုလည်းရှိ စုစည်းအိမ်ပြန်မှုလည်း ဖြစ်သည့် အခွင့်အလမ်းမျိုးမှာ ယခုတိုင် သေချာသဲကွဲ မြင်နိုင်စွမ်း မရှိသေးပါ။ သို့အတွက်ကြောင့် ကြားဝင်ဆောင်ရွက်ရမည့်ကိစ္စများအဖြစ် အောက်ပါ အကြံပြုချက်များကို ပြုလိုပါသည်။

- အိမ်ပြန် "အလည်အပတ်ကြည်သူများ"နှင့် မိမိဆန္ဒအလျောက် အိမ်ပြန်ရန် ဆုံးဖြတ်ကြသူများကို စခန်းတွင်းနေထိုင်သူများက တွေ့ဆုံမေးမြန်းမှုများပြုထားရန် ရပ်ရွာအခြေပြုဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်သင့်ကြောင်း၊
- ရပ်ရွာအတွင်းရှိ မတူကွဲပြားသည့် အုပ်စုများနှင့် ထပ်မံ၍ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ပြီး၊ မတူကွဲပြားသည့် မျှော်မှန်းချက်များ၊ အိမ်ပြန်ရန်အတွက် အခက်အခဲဟု ထင်မြင်ယူဆထားသည့်အချက်များ၊ အခြား ရွေးချယ်စရာ နည်းလမ်းများကို ရှာဖွေစုဆောင်းနိုင်ရန်၊ နှင့်
- လူများက သတင်းများသိရှိ၍ အဓိပ္ပါယ်ရှိစွာ အိမ်ပြန်ရန် ကြိုတင်ပြင်ဆင်ထားကြသည့် လုပ်ငန်းအစီအစဉ်များ၊ တိုက်တွန်းစည်းရုံးမှုများကို သေချာဆောင်ရွက်နိုင်ရန်၊ အထူးသဖြင့် မိမိဆန္ဒအလျောက် လုံခြုံစွာနှင့် သိက္ခာရှိစွာ အိမ်ပြန်နိုင်ရေး အခြေအနေများ အလှမ်းဝေးနေဆဲကာလ၌ အခြေခံဝန်ဆောင်မှုများကို ထိန်းသိမ်းထားနိုင်ရေး အတွက်လုပ်ငန်းများလည်း အပါအဝင် ပြင်ဆင်ထားသင့်ပါသည်။

## နိဒါန်း

ယခုနှစ် မတ်လမှ ဧပြီလအတွင်း၊ နယ်စပ်ပူးပေါင်းဆောင်ရွက်မှုအသင်းကြီး (TBC) က စခန်းများအားလုံးတွင် မကြာသေးမီက မြန်မာပြည်သို့ ယာယီပြန်ကြသည့် ဒုက္ခသည်များကို ကျပမ်းသဘောရွေးချယ်ကာ သီးသန့်တွေ့ဆုံဆွေးနွေးမှုများ ပြုခဲ့ပါသည်။ ရည်ရွယ်ချက်မှာ သူတို့ပြန်ကြသည့် ဒေသများရှိ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ သူတို့၏အမြင်များကို သိရှိနိုင်ရန် ဖြစ်ပြီး၊ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီးနောက်၊ တစ်ဖွဲ့ချင်း အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူကြပြီးသည့်နောက်၊ မည်သည့်ကိစ္စများ ပြောင်းလဲသွားသည်၊ ရေရှည်တည်တံ့သည့် အိမ်ပြန်ရေးအတွက် မည်သည့်အခက်အခဲများ ရှိနေဦးမည်ကို သိရှိနိုင်ရန် ဖြစ်ပါသည်။

ယခုဆောင်ရွက်သည့် ရည်ရွယ်ချက်မှာ ဒုက္ခသည်များအားလုံးကို ကိုယ်စားပြုမှုများအရ ပုံမှန် စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်ရန် မဟုတ်ဘဲ၊ လူတစ်ဦးချင်းစီ၏ အမြင်နှင့် စိုးရိမ်ပူပန်မှုများကို သိရှိနိုင်ရန်သာ ဖြစ်ပါသည်။ ပါဝင်ဆွေးနွေးမည့်သူများကို ရပ်ကွက်လူကြီးများက ရှာဖွေဖော်ထုတ်ပေးခဲ့ကြပြီး၊ စခန်း၏ ရပ်ကွက်တစ်ခုစီမှ အနည်းဆုံးတစ်ဦးကို ရွေးချယ်ပေးခဲ့ကြသည်။ သတ်မှတ်ထားသည့် တစ်ခုတည်းသော စံသတ်မှတ်ချက်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသသို့ အပစ်ခတ်ရပ်စဲရေးပြီးနောက်၊ အိမ်ပြန်ခဲ့ကြသူများ ဖြစ်ရမည် ဖြစ်ပြီး၊ အရွယ်ရောက်ပြီးသူ လူကြီးဖြစ်ရမည်။ ဖြေဆိုသူများအကြားတွင် ကျား-မမျှတမှု ရှိစေရမည် ဖြစ်ပါသည်။

ယခု ဆွေးနွေးမှုများ မတိုင်မီတွင်၊ ပါဝင်မည့်သူများကို ဖိတ်ခေါ်၍ သူတို့၏ ရွှေ့ပြောင်းသွားလာမှုကို သိရှိနိုင်ရန် သူတို့အား မိမိတို့အကြောင်းကို ကိုယ်တိုင်မိတ်ဆက်စေခဲ့ပါသည်။ ဤလုပ်ငန်းတွင် သူတို့ကိုယ်တိုင် မိမိဆန္ဒအလျောက်ပြန်သွားသည့် နေ့ ရက်၊ ပြန်သွားသည့် အချိန်ကာလအကြာ၊ နေရာ၊ ပြန်အလည်သွားသည့် အကြောင်းအရင်းများအပြင်၊ အိမ်ပြန်သွားသည့်လမ်းကြောင်းကိုပါ ဖော်ပြပြောဆိုခဲ့ကြပါသည်။

လူအများစုက ဖြေဆိုကြရာတွင် သူတို့ပြန်ကြသည်မှာ ကျေးလက်ဒေသများဖြစ်၍၊ သူတို့၏အမြင်များမှာ မြို့ပြနှင့် ဆင်ခြေဖုန်းဒေသများကို ထင်ဟပ်မည် မဟုတ်ပါ။ ထို့အပြင် ရွေးကောက်ပွဲပြီးစ၊ အပစ်ရပ်စဲရေးပြီးစ အခြေအနေများနှင့်လည်း ကွာခြားမှု ရှိမည် ဖြစ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ၊ အသိအမှတ်ပြုထားကြရမည့် အချက်မှာ ဒုက္ခသည်စခန်းနေ လူထုအများစုမှာ ကျေးလက်ဒေသမှ လာသူများ ဖြစ်ကြပြီး၊ သို့အတွက်ကြောင့် အောက်တွင်အသေးစိတ်ဖော်ပြထားသည့် တွေ့ရှိချက်များမှာလည်း အိမ်ပြန်သူအများစု၊ အကယ်၍ စုစည်း၍ ဆန္ဒအလျောက် အိမ်ပြန်နိုင်ကြသည့်အခါ ပြန်လိုကြသည့် ဦးတည်ရာဒေသကိုသာ ထင်ဟပ်နေမည် ဖြစ်သည်။

ဤဆွေးနွေးစူးစမ်းမှုများတွင် လေ့လာမှု အဓိကဧရိယာ ၃-ခုနှင့် သက်ဆိုင်ပတ်သက်နေသည့် ခေါင်းစဉ်ငယ်များအပေါ် အခြေပြုခဲ့ပါသည်။

**၁။ ကာကွယ်ပေးမှုနှင့် လုံခြုံရေး**

- မြန်မာ့တပ်မတော် နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ ဆက်လက်ရှိနေမှု
- အပစ်ရပ်စဲရေး သေချာမှု
- မြေမြှုပ်မိုင်းများ ထူပြောမှု
- လွတ်လပ်စွာ သွားလာနိုင်မှု
- တရားဥပဒေ စိုးမိုးရေး
- ယုံကြည်မှု တည်ဆောက်ရေး

**၂။ လူမှုဖူလုံရေး ဝန်ဆောင်မှုများ (ကျန်းမာရေးနှင့် ပညာရေး)**

- ဝန်ဆောင်မှု ပေးခြင်းနှင့် ရရှိနိုင်မှု (မြန်မာအစိုးရ၊ အစိုးရမဟုတ်သည့်အဖွဲ့များ၊ ရပ်ရွာမှ ဆောင်ရွက်မှု)
- အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ

**၃။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ**

- လယ်ကွင်းများ၊ ခြံဥယျာဉ်များ၊ ဈေးကွက်များသို့ သွားရောက်နိုင်မှု
- မြေယာ ရရှိမှုနှင့် ပြန်လည်ရယူနိုင်ခြင်း
- စီးပွားရေးအကျိုးအမြတ်ကြောင့် မြေသိမ်းဆည်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် လုံခြုံမှု သက်ရောက်မှု အကြောင်းများ
- မူးယစ်ဆေး ထုတ်ပြောမှု *(လုပ်ငန်းစဉ်အတွင်း တွေ့ရှိမှုဖြစ်ပြီး၊ မူလက ခေါင်းစဉ်ငယ်တစ်ခုအဖြစ် မသတ်မှတ်ထားခဲ့ပါ)*

ဤအမြင်များအပေါ် စုစည်းထားမှု၊ အလားတူ သူတို့အိမ်ပြန်သွားကြသည့် ဒေသများမှ ပြည်သူများ၏ အမြင်များ စုစည်းမှုများကို အကြောင်းအရာအလိုက် ယခုအစီရင်ခံစာ၏ စာကိုယ်တွင် တင်ပြထားပါသည်။ ထို့နောက် ထိုသူတို့ ကိုယ်တိုင် သတ်မှတ်ဖော်ပြကြသည့် ရေရှည်တည်တံ့သည့် အိမ်ပြန်နိုင်ရေးအတွက် အဓိကကျသည့် အခက်အခဲများ ကို နယ်စပ်တစ်ခုလုံးအနေအထား၊ စခန်းတစ်ခုချင်းအလိုက် စုစည်းဖော်ပြထားပါသည်။ ထို့အပြင် အိမ်ပြန်ရန်အခက် အခဲများ၏ အကြောင်းရင်းများကိုလည်း ဖော်ပြထားပါသည်။

ဆွေးနွေးမှုပြီးနောက်တွင်၊ ဒုက္ခသည်များကို "ရွာသားများက မည်သို့ပြောဆိုကြသနည်း" (What Villagers Say…) ဟူသည့် ဗီဒီယိုကြည့်ရန် ဖိတ်ကြားပါသည်။ ယခင်တစ်နေရာတည်း နေခဲ့ကြသူ ရွာသားများ၏ အိမ်အပြန်ခရီး အကြောင်း ရိုက်ကူးထားခြင်းဖြစ်ပြီး၊ ယင်းတို့နှင့် ဗီဒီယိုထဲတွင် ပြောဆိုချက်များအပေါ် တူညီချက်များ၊ ကွဲလွဲချက်များ ကို ထင်ဟပ်နိုင်ရန် ဖြစ်ပါသည်။

အချို့သောစခန်းများတွင်၊ စခန်းကော်မီတီများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို ယခုရုပ်ရှင်ပြသမှုသို့ ဖိတ်ကြားခဲ့ပါ သည်။ သို့သော်လည်း ရုပ်ရှင်ကြည့်ပရိသတ်များ၏ အမြင်များကို ယခုတွေ့ရှိချက်များတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

စခန်းအလိုက် ဗီဒီယိုပြသခဲ့ကြသည့် မြို့နယ်များအရေအတွက်၊ ယင်းအပေါ် ပရိသတ်များ၏ တုံ့ပြန်ပြောဆိုမှုများ၊ ထို့အပြင် ယင်းလုပ်ငန်းစဉ်အတွက် ဒုက္ခသည်စခန်းများအတွင်း ဗီဒီယိုဖြန့်ဝေပေးမှုများအကြောင်း အကျဉ်းချုပ်ကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

## ပရိသတ်များနှင့် ပတ်သက်၍ အသေးစိတ်အကြောင်းအချက်များ

*မှတ်ချက်။ * ယခုအခန်းတွင် ယာယီခေတ္တအိမ်ပြန်ကြသူများ၊ စခန်းကော်မီတီများ၊ ရပ်ရွာ အခြေပြုလူမှုအဖွဲ့များနှင့် မူစလင် ဗီဒီယို ပရိသတ်များကို မှတ်တမ်းတင်ထားပါသည်။*

** "ယာယီ အိမ်ပြန်ကြသူ ယခုဆွေးနွေးသူများကို ရပ်ကွက်ခေါင်းဆောင်များက ကျပန်းသဘော ရွေးချယ်ပေးခဲ့ကြပါသည်။ ယေဘုယျအားဖြင့် ရပ်ကွက်တစ်ခု တစ်ဦးဖြစ်သည်။ ကျန်သူများမှာ မိမိဘာသာရွေးချယ်သည့် ကိုယ်စားလှယ်များ ဖြစ်သည်။*

| စခန်း | ပရိသတ် | ပါဝင်ဖြေကြားသူများ | မ-ကျား အချိုး (အမျိုးသမီး %) |
|---|---|---|---|
| **စခန်း-၁ (Site 1)** (S1) | ယာယီအိမ်ပြန်ကြသူများ | ၂ | ၁ : ၁ (၅၀%) |
| **စခန်း-၂ (Site 2)** (S2) | ယာယီအိမ်ပြန်ကြသူများ | ၁၃ | ၆ : ၇ (၄၆%) |
| | စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၃ | ၂ : ၁ (၆၇%) |
| **မဲလအုန်း** (MLO) | ယာယီအိမ်ပြန်ကြသူများ | ၁၂ | ၂ : ၁၀ (၁၇%) |
| | စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၁၆ | ၆ : ၁၃ (၅၆%) |
| **မဲရမတ်လောင် (ခ) မဲရော်မူ** (MRM) | ယာယီအိမ်ပြန်ကြသူများ | ၉ | ၂ : ၇ (၂၂%) |
| | စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၁၉ | ၉ : ၇ (၃၂%) |
| **မဲလ** (MLA) | ယာယီအိမ်ပြန်ကြသူများ | ၉ | ၅ : ၄ (၅၆%) |
| | မူစလင် ရပ်မိရပ်ဖ | ၂၀ | ၆ : ၁၄ (၃၀%) |
| | မူစလင် လူငယ်များ | ၁၃ | ၀ : ၁၃ (၀%) |
| **အုန်းဖျံမိုင်** (UMP) | ယာယီအိမ်ပြန်ကြသူများ | ၁၁ | ၇ : ၄ (၆၄%) |
| | မူစလင်ခေါင်းဆောင်များ | ၁၀ | ၁ : ၉ (၁၀%) |
| **နိုဖိုး** (NPO) | ယာယီအိမ်ပြန်ကြသူများ | ၁၄ | ၀ : ၁၄ (၀%) |
| **ဘန်တုံယန်း** (BDY) | ယာယီအိမ်ပြန်ကြသူများ | ၇ | ၂ : ၅ (၂၉%) |
| | စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၁၂ | ၅ : ၇ (၄၂%) |
| **ထမ်ဟင်း** (THI) | ယာယီအိမ်ပြန်ကြသူများ | ၈ | ၅ : ၃ (၆၃%) |
| | စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၁၁ | ၆ : ၅ (၅၅%) |
| | **စုစုပေါင်း** | **၁၈၉** | **၆၅ : ၁၂၄ (၃၄%)** |

### နယ်စပ်တစ်လျှောက်လုံးတွင် ပါဝင်ဖြေကြားသူများ၏ အကြောင်းအချက်များ

| ပရိသတ် | စုစုပေါင်း | မ-ကျား အချိုး |
|---|---|---|
| ယာယီအိမ်ပြန်ကြသူများ | ၈၅ | ၃၀ : ၅၅ (၃၅%) |
| စခန်းကော်မီတီ၊ အရပ်ဖက်လူမှုအဖွဲ့များ | ၆၁ | ၂၈ : ၃၃ (၄၆%) |
| မူစလင်များ | ၄၃ | ၇ : ၃၆ (၁၆%) |
| **စုစုပေါင်းများ** | **၁၈၉** | **၆၅ : ၁၂၄ (၃၄%)** |

## ခရီးနှင့် ပတ်သက်၍ အသေးစိတ် အကြောင်းအချက်များ

*မှတ်ချက် * ယခုအခန်းတွင် ယာယီအိမ်ပြန်ကြသူများ၏ ခရီးသွားလာရွှေ့ပြောင်းမှုများကို အသေးစိတ် ဖော်ပြထားပါသည်။*
** သူတို့၏ ဦးတည်ရာနှင့် အိမ်ပြန်ရသည့် စေ့ဆော်မှု တိုက်ရိုက်ဆက်စပ်မှု မရှိပါ။ ယင်းကို ဇယားတွင် ဖော်ပြထားသည်။*
** သီးသန့်တွေ့ဆုံဆွေးနွေးသည့် လူဦးရေ (FGD participants) နှင့် အောက်တွင် တုံ့ပြန်ဖြေကြားသူ အရေအတွက် ကွဲလွဲရသည့်အကြောင်းမှာ မဖြေကြားသူများ ရှိနေသောကြောင့် ဖြစ်သည်။*

| စခန်း | နောက်ဆုံး ခရီးစဉ် (အနည်းဆုံး-မကြာသေးမီက ခရီးစဉ်) | ခရီးစဉ်ကာလ (အတိုဆုံး-အရှည်ကြာဆုံး) | ဦးတည်ရာ မြို့နယ် | အိမ်ပြန်ရသည့်အကြောင်း စေ့ဆော်ချက် |
|---|---|---|---|---|
| **စခန်း-၁** | ၁၃၀၄- ၁၄၀၃ | ၉ လ | ဘောလခဲ x ၂<br>ဒီမောဆိုး x ၂<br>လွိုင်ကော် x ၂<br>မဲစက် x ၂<br>ဖားဆောင်း x ၂<br>ဖရူဆို x ၂<br>*(မှတ်ချက်။ NGO လုပ်ငန်းတာဝန်ကြောင့် ခရီးသွား ၂ ဦးမှာ ကရင်နီပြည်နယ် မြို့နယ်အားလုံးကို ခရီးသွားလာခဲ့သည်။)* | အလုပ် x ၂ |
| **စခန်း-၂** | ၂၀၁၁- ၁၄၀၃ | ၃ ရက်- ၃ လ | ဒီမော်ဆိုး x ၁<br>ဖားဆောင်းx ၃<br>သံတောင် x ၁ | မိသားစု x ၅ |
| **မဲလအုန်း** | ၁၂၀၃- ၁၃၁၁ | ၂ ပတ်- ၇ လ | ဖားဆောင်းx ၁<br>ကျောက်ကြီး x ၁<br>ဖာပွန် x ၉<br>သံတောင် x ၁ | မိသားစု x ၇ |
| **မဲရမတ်လောင်** | ၁၃၀၃- ၁၃၁၂ | ၁ ပတ်- ၉ လ | ကျောက်ကြီး x ၃<br>သံတောင် x ၆ | မိသားစု x ၉ |
| **မဲလ** | ၁၄၀၁- ၁၄၀၄ | ၁ ရက်- ၃ ပတ် | ဘီးလင်း x ၁<br>လှိုင်းဘွဲ x ၂<br>ကြာအင်းဆိပ်ကြီး x ၁<br>ကျောက်ကြီး x ၁<br>မြဝတီ x ၁<br>ဖားအံ x ၁<br>သထုံ x ၁<br>သံတောင် x ၁ | ပြန်ကြည့်ရုံ x ၁<br>မိသားစု x ၄<br>ဘာသာရေး x ၄ |
| **အုန်းဖျံ** | ၁၃၀၄- ၁၄၀၄ | ၂ ရက်- ၄ လ | ပုသိမ် x ၁<br>ကော့ကရိတ် x ၃<br>မြဝတီ x ၄<br>ဖားအံ x ၁<br>သထုံ x ၁ | မိသားစု x ၉<br>အလုပ် x ၁ |
| **နိုဖိုး** | ၁၃၀၄-၁၄၀၄ | ၂ ရက်- ၂ လ | ကော့ကရိတ် x ၃<br>ကြာအင်းဆိပ်ကြီး x ၈<br>မြဝတီ x ၂<br>ဖာပွန် x ၁ | ပြန်ကြည့်ရုံ x ၂<br>မြေပိုင်ဆိုင်ခွင် x ၁<br>အလုပ် x ၄<br>မိသားစု x ၇ |
| **ဘန့်တုံယန်း** | ၁၄၀၂ - ၁၄၀၄ | ၂ ရက်- ၁ လ | ထားဝယ် x ၂<br>ကြာအင်းဆိပ်ကြီး x ၁<br>မြိတ် x ၃<br>မြဝတီ x ၁ | ပြန်ကြည့်ရုံ x ၂<br>မြေပိုင်ဆိုင်ခွင် x ၁<br>အလုပ် x ၁<br>မိသားစု x ၃ |
| **ထမ်ဟင်** | ၁၃၁၁- ၁၄၀၃ | ၁ ပတ်- ၄ လ | ထားဝယ် x ၆<br>မြိတ် x ၂ | ပြန်ကြည့်ရုံ x ၁<br>မြေပိုင်ဆိုင်ခွင့် x ၁<br>အလုပ် x ၁<br>မိသားစု x ၅ |

စခန်းအားလုံးမှ အိမ်ပြန်သူအများစုမှာ ပုံမှန် လူအများသွားလာသည့် သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုများကိုသာ အသုံးပြုကြသည်။ (မြန်မာအစိုးရနှင့်၊ အစိုးရမဟုတ်သည့် အင်အားစုများ ထိန်းချုပ်မှုအောက်တွင် ရှိကြသည်။) ထို့အတွက်ကြောင့် မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် ခရီးသွားလာမှု လွတ်လပ်မှုနှင့် ယုံကြည်စိတ်ချမှုအဆင့် သိသာစွာ မြင့်မားလာသည်ကို ဖော်ပြနေသည်။

| ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | လူ အရေ အတွက် | စုစုပေါင်း မှ % |
|---|---|---|---|
| ရှမ်းပြည်နယ် | --- | ၀ | ၀ % |
| ကရင်နီပြည်နယ် | ဘောလခဲ | ၂ | ၂% |
| | ဒီမောဆိုး | ၃ | ၃% |
| | လွိုင်ကော် | ၂ | ၂% |
| | မဲစက် | ၂ | ၂% |
| | ဖားဆောင်း | ၆ | ၆% |
| | ဖရူဆို | ၂ | ၂% |
| | **စုစုပေါင်း** | **၁၇** | **၁၈%** |
| ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး | ၅ | ၅% |
| | **စုစုပေါင်း** | **၅** | **၅%** |
| ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၂ | ၂% |
| | ကော့ကရိတ် | ၆ | ၆% |
| | ကြာအင်းဆိပ်ကြီး | ၁၀ | ၁၁% |
| | မြဝတီ | ၈ | ၈% |
| | ဖားအံ | ၂ | ၂% |
| | ဖာပွန် | ၁၀ | ၁၁% |
| | သံတောင် | ၉ | ၉% |
| | **စုစုပေါင်း** | **၄၇** | **၄၉%** |
| မွန်ပြည်နယ် | ဘီးလင်း | ၁ | ၁% |
| | သထုံ | ၂ | ၂% |
| | **စုစုပေါင်း** | **၃** | **3%** |
| တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈ | ၈% |
| | မြိတ် | ၅ | ၅% |
| | **စုစုပေါင်း** | **၁၃** | **14%** |
| ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁ | ၁% |
| | **စုစုပေါင်း** | **၁** | **၁%** |
| | *တုံ့ပြန်မဖြေကြားသူများ* | *၉* | *၉%* |
| | **စုစုပေါင်းများ** | **၉၅** | **100%** |

## နယ်စပ်တစ်လျှောက် အိမ်ပြန်ခရီး၏ စေ့ဆော်မှုအကြောင်းများ အကျဉ်းချုပ်

| အိမ်ပြန်ကြသည့်အကြောင်းရင်း | စုစုပေါင်း | စုစုပေါင်းမှ % |
|---|---|---|
| သွားရောက်လေ့လာကြည့်ရှုရုံ | ၆ | ၇% |
| မြေပိုင်ခွင့်လက်မှတ် | ၃ | ၄% |
| အလုပ် | ၉ | ၁၁% |
| မိသားစုရေးရာ | ၄၉ | ၅၈% |
| ဘာသာရေး | ၄ | ၅% |
| *တုံ့ပြန်မဖြေကြားသူများ* | *၁၄* | *၁၆%* |
| **စုစုပေါင်းများ** | **၈၅** | **၁၀၀%** |

** မှတ်ချက်။ အထက်ဖော်ပြပါ ဇယား နှင့် စုစုပေါင်းအရေအတွက်တွင် ၁၀ ကွာခြားနေရခြင်းမှာ စခန်း-၁ မှ ပြန်သွားသူ ၂ ဦးက ကရင်နီပြည်နယ်ရှိ မြို့နယ် ၆ ခုလုံးသို့ သွားရောက်ခဲ့သောကြောင့် ဖြစ်သည်။*

ဆွေးနွေးခဲ့သူများမှ တစ်ဝက်ခန့်မှာ ကရင်ပြည်နယ်သို့ ယာယီခေတ္တပြန်ခဲ့ကြပြီး၊ ငါးပုံတစ်ပုံခန့်မှာ ကရင်နီပြည်နယ်သို့ ပြန်ခဲ့ကြသည်။ အိမ်ပြန်ကြသူများ၏ အဓိကစေ့ဆော်မှုမှာ မိသားစုရေးရာကိစ္စဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးပြဿနာများနှင့် သက်ဆိုင်သည်။ "အိမ်အလည်ပြန်သူ" များမှာ အိမ်ပြန်ကြသူများအနက်မှ အနည်းစုသာ ဖြစ်သည်။ တက်ခ်ခရိုင်ရှိ စခန်းများနှင့် တောင်ပိုင်းရှိစခန်းများမှသာ ဖြစ်ကြပါသည်။

## မြေပြင်ပေါ် လက်တွေ့အခြေအနေများ- ဒေသခံတို့၏အမြင်အပေါ် စဆောင်းကောက်နုတ်ချက်များ

*မှတ်ချက်  * ယခုအခန်းတွင် ယာယီအိမ်ပြန်ကြသူများ၏ ထင်မြင်ချက်များကိုသာ စုစည်းထားပါသည်။*
** ဆွေးနွေးပြောဆိုမှုတိုင်းတွင် တူညီသည့် အကြောင်းအချက်များကို ဆွေးနွေးပြောဆိုကြပြီး၊ ယင်းအချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ ကိစ္စပြဿနာ အများစုမှာ လွှမ်းခြုံဖြစ်ပေါ်နေသည့် ပြဿနာများ ဖြစ်ပြီး၊ အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ ရှိနေခြင်းနှင့် ဆက်စပ်နေသည့် ပြဿနာများ ဖြစ်သော မြေယာပြဿနာ၊ သက်မွေးဝမ်းကျောင်းမှု ပြဿနာများ ဖြစ်သည်။*
** ထင်မြင်ယူဆချက် အများစုကို စခန်းများအလိုက် ကိုးကားဖော်ပြထားပါသည်။ ကိုးကားဖော်ပြမှုမရှိသော ကိစ္စတစ်ခုသည် အခြားစခန်းများနှင့် သဘောမတူညီကြသောကြောင့် ဖြစ်သည်။*

## လက်နက်ကိုင်အုပ်စုများရှိနေခြင်း/ အပစ်ခတ်ရပ်စဲရေး သေချာမှု

<u>ဆက်လက်တည်ရှိနေသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ</u>

- မြန်မာအစိုးရတပ်များ (တပ်မတော်) နှင့် ယင်းနှင့် ဆက်စပ်သည့်တပ်များ [ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs)၊ ကရင်နီပြည်နယ်တွင် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KnPLF) နှင့် ကြယ်နီ၊ ကြယ်ဖြူအဖွဲ့များ] သည် ကျေးလက်ဒေသနေ ပြည်သူများအားလုံးအတွက် စိုးရိမ်ပူပန်မှုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ အပစ်အခတ်ရပ်စဲရေး ရယူခဲ့ပြီး ဖြစ်သော်လည်း၊ နေရာဒေသများစွာတွင် တပ်များအနီးတစ်ဝိုက်၌ ကင်းလှည့်နေကြဆဲ ဖြစ်ပါသည်။ အထူးသဖြင့် အခြေအနေကို စောင့်ကြည့်နေကြခြင်း ဖြစ်ပြီး၊ ဒေသတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများကို တန်ပြန်နိုင်ရန် ဖြစ်ပါသည်။ မည်သို့ပင်ရှိစေကာမူ ကျေးရွာလူထုများသည် သူတို့၏ လှုပ်ရှားမှုများအပေါ် စိုးရိမ်ပူပန်ကြသည်မှာ နားလည်၍ရနိုင်သော အကြောင်းဖြစ်ပါသည်။ ကရင်ပြည်နယ် အလယ်ပိုင်းမြေပြန့်ဒေသများတွင်၊ ယင်းတပ်ဖွဲ့များသည် တပ်ဝင်း ဘားတိုက်များအတွင်း၌သာ နေထိုင်ကြပါသည်။ (မဲလ *MLA*).
- ယေဘုယျအားဖြင့်၊ ကျေးရွာပြည်သူများက ဖော်ပြကြသည်မှာ တပ်မတော်က အပစ်အခတ်ရပ်စဲရေးကို အခွင့်ကောင်းယူ၍ ရှေ့တန်းစခန်းများကို ပိုမိုခိုင်မာအောင် ပြင်ဆင်နေကြသည်၊ အရေအတွက် တိုးမြှင့်နေသည်၊ ရိက္ခာနှင့် စစ်ပစ္စည်းများ ထောက်ပံ့ရေးဖြည့်တင်းနေသည်ဟု ဆိုသည်။ မြဝတီမြို့နယ် တောင်ပိုင်းတွင် တပ်မတော်အရာရှိများက သူတို့နှင့်နီးစပ်သည့် ဆွေမျိုးများကို သူတို့တပ်ချထားရာနေရာများသို့ ရွှေ့ပြောင်းအခြေချစေသည်ဟု ဆိုသည်။ ထို့အပြင် မကြာသေးမီက နေရာအများတွင် ဆောင်ရွက်နေသော လမ်းချဲ့ထွင်ရေး စီမံကိန်းများသည်၊ ယခင်က စစ်တပ်က အရောက်အပေါက်နည်းသော နေရာများကို လက်လှမ်းမီစေရန် ဆောင်ရွက်နေသည်ဟုလည်း ဆိုကြသည်။ ဤသို့လှုပ်ရှားမှုများအားလုံးအပေါ် အဓိပ္ပါယ်ပြန်ဆိုကြရာတွင်၊ ယင်းဒေသတွင် တပ်မတော်က အမြဲတမ်းအခြေချ တပ်စွဲတော့မည့် အသွင်ရောက်စေပြီး၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအရ ယုံကြည်မှုတည်ဆောက်ရေးကို အားပျော့ချိနဲ့စေပါသည်။
- တပ်မတော်နှင့် ပူးတွဲ မဟာမိတ်ပြုထားခြင်း မရှိသည့်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအပေါ် ပို၍အားထားယုံကြည်မှုကို တွေ့ရပါသည်။ သို့သော်လည်း ဒီကေဘီအေ အဖွဲ့က မြဝတီမြို့နယ်တွင် လုပ်အားအတင်းအကျပ် ဆင့်ဆိုမှုများ ရှိနေပါသေးသည်။ (အုန်းဖျံ *UMP*).
- ကရင်ပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသ (ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီးမြို့နယ်များ) နှင့် မွန်ပြည်နယ်တွင် ကျေးရွာလူထုများက ပြောဆိုကြသည်မှာ ဒေသတွင်းအခြေစိုက် လက်နက်ကိုင်အဖွဲ့မျိုးစုံ ရှိနေကြပြီး၊ သေနတ်ပြန်ပေါက်ရန်၊ သို့မဟုတ် တိုက်ခိုက်မှုများ ပြန်၍စတင်ရန် ယမ်းပုံသဖွယ် ရှိနေကြသည်ဟု ဆိုသည်။ (အုန်းဖျံ *UMP, နိုဖိုး NPO*).

> *"[အပစ်ခတ်ရပ်စဲရေး] မတိုင်မီတုန်းကတော့ စစ်ဆေးရေးဂိတ်တွေက ရေတွက်လို့ မနိုင်ဘူး။ လိုအပ်တာထက် ခရီးက နာရီများစွာ ပိုကြာတယ်။ ခုတော့ ဂိတ်တွေမှာ ငွေနည်းနည်းပေးနေရသေးပေမယ့် အများကြီး လွယ်သွားပြီ။"*
>
> ဘန့်တုံယန်းမှ ကြာအင်းဆိပ်ကြီးသို့ ပြန်သွားသူ အမျိုးသမီးတစ်ဦး

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် ထိုးစစ်များဆက်လက် ရှိနေသေးခြင်း၊ တိုက်ပွဲများ ဆက်လက်ဖြစ်နေခြင်း၊ အလားတူပင် ကရင်ပြည်နယ် မြောက်ပိုင်းတွင်လည်း မကြာခဏဆိုသလို တိုက်ပွဲသတင်းများ၊ ဖြစ်ရပ်များ ကြားသိနေရခြင်းတို့ကြောင့်၊ တပ်မတော်၏ ရိုးသားမှုကို အများအားဖြင့် မေးခွန်းထုတ်ကြပါသည်။ နိုင်ငံလုံးအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေး၊ နောက်ဆုံး အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စများ အသာထား၊ အပစ်ခတ်ရပ်စဲရေးပဏာမကာလတွင်ပင် ယုံကြည်မှုတည်ဆောက်ရေးအတွက်ပင် အခက်အခဲ ဖြစ်စေသည်ဟု ဖော်ပြပြောဆိုကြသည်။

တိုးတက်ဖြစ်ပေါ်မှုများ

- ကျေးရွာလူထုများအပေါ် ဒေသခံတပ်မတော်တပ်ဖွဲ့များက ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်မှုများ သိသိသာသာ လျော့နည်းကျဆင်းသွားပါသည်။ သို့သော်လည်း ပိုင်ဆိုင်မှုပစ္စည်းများအပေါ် ကျူးလွန်မှုများ ဆက်လက်ရှိနေသေးပြီး၊ အဓမ္မလုပ်အားကိစ္စအတွက် ငွေကြေးကောက်ခံမှုများလည်း ပုံမှန်ရှိနေပါသေးသည်။ (ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များ) ထို့အတွက်ကြောင့် ကျေးရွာလူထုများ သမိုင်းကြောင်းအရ ရှိနေခဲ့သည့် သံသယ၊ မယုံကြည်မှုများကို တပ်မတော်က အားဖြည့်ပေးသလို ဖြစ်နေပါသည်။ ယုံကြည်မှုတည်ဆောက်ရေး ကြိုးပမ်းချက်များအပေါ် ချိန်နဲ့ဆုတ်ယုတ်စေပါသည်။ (နိုဖိုး*NPO, အုန်းဖျံ UMP, မဲလ MLA*).

> *"[အပစ်အခတ်ရပ်စဲရေး ပြီးကတည်းက] အခြေအနေ အပြောင်းအလဲတစ်ခုကတော့ သေနတ်သံတွေ မကြားရတော့တာပဲ။ အဲဒါအပြင်တော့ သိပ်ပြီး မထူးခြားပါဘူး။"*
>
> ဖာပွန်သို့ပြန်သူ မဲလအုန်းမှ အမျိုးသားတစ်ဦး

- တိုက်ခိုက်မှုများ ရပ်စဲသွားခြင်းနှင့်အတူ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းကျဆင်းသွားသည့်အတွက်ကြောင့်၊ လွတ်လပ်စွာ သွားလာခွင့်ရလာပြီး၊ ချုပ်ချယ်မှုများ လျော့နည်းသွားသည့်အတွက်ကြောင့် လုံခြုံရေးနှင့် ပတ်သက်၍ အပစ်ခတ်ရပ်စဲရေးပြီးနောက်ပိုင်းတွင် အဓိကအားဖြင့် တိုးတက်လာပါသည်။ သို့သော်လည်း ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာလူထုများကမူ ခရီးသွားလာရာတွင် တပ်မတော်တပ်ဖွဲ့များနှင့် တွေ့ဆုံရာတွင် တစ်ခုခုဖြစ်လာမည်ကိုစိုးရိမ်သော အကြောက်တရားများက ရှိနေဆဲဖြစ်ပါသည်။ သို့သော် ကျန်မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ထိုကဲ့သို့သောအကြောက်တရားများ များစွာလျော့နည်းလာပြီ ဖြစ်ပါသည်။ ( မဲရမတ်လောင် *MRM, မဲလအုန်း MLO*)

## မြေမြုပ်မိုင်း ထုပြောမှု

အသစ် မြုပ်နှံထားရှိမှုများ

- ယေဘုယျအားဖြင့်၊ ကျေးရွာလူထုများက မြေမြုပ်မိုင်းများ အသစ်ထပ်မံ၍ မြုပ်နှံနေသည်ကို မတွေ့ရှိကြပါ။ သို့သော်လည်း မဲလအုန်းမှ ပြန်လာသူ ၃ ဦး၊ ဘန့်တုံယန်းမှ ပြန်လာသူ ၂-ဦးတို့က အပစ်ရပ်စဲရေးပြီးနောက်ပိုင်းတွင်လည်း မြေမြုပ်မိုင်းများအသစ်ထပ်မံ၍ မြုပ်နှံလျက်ရှိ နေသေးသည်ဟု ကြားသိခဲ့ရပြီး၊ ကျေးရွာလူထုများကို ဒဏ်ရာရစေသည်ဟုဆိုသည်။(နောက်ဆက်တွဲဖြစ်ပေါ် လာသော ကိစ္စသည်ကေအဲန်ယူ-မွန်ပြည်သစ်ပါတီ မြေအငြင်းပွားမှုနှင့်သက်ဆိုင်သည်။)

> *"ကျွန်တော်တို့ ဖြတ်ပြီးခရီးမသွားရဲတဲ့နေရာတွေ ရှိသေးတယ်။ အဲဒါမှာ (တစ်ချို့မိုင်းတွေ) ရှိနေကြသေးတယ်"*
>
> အုန်းဖျံမှ မြဝတီသို့ အိမ်ပြန်သူ အမျိုးသားတစ်ဦး

မိုင်းရှင်းလင်းမှု

- အပစ်ခတ်ရပ်စဲရေးပြီးနောက် မိုင်းရှင်းလင်းသည်ဟု ကျေးရွာလူထုများ မသိရှိပါ။ သို့သော်လည်း မြဝတီမြို့တောင်ပိုင်းတွင် ဒီကေဘီအေ အဖွဲ့က မြေမြုပ်မိုင်းရှိရာနေရာများတွင် မကြာသေးမီက သတိပေးအမှတ်အသားများ ချထားခဲ့သည်။ (အုန်းဖျံ*UMP*).

## မြေပိုင်ဆိုင်မှု/ ပြန်လည်ရယူနိုင်ခြင်း

အထွေထွေ

- လက်ရှိအပစ်ခတ်ရပ်စဲရေး အစီအစဉ်များအပေါ် ဆက်လက်၍ သံသယရှိနေကြသောကြောင့်၊ စုစည်းစီစဉ်သည့် အိမ်ပြန်မှုမျိုးအားဖြင့်သာ လူအများက နယ်စပ်ဒေသများသို့ ပြန်လိုကြပါသည်။ သို့သော်လည်း မယ်သဝေါနှင့် ဘုရားသုံးဆူအကြားရှိ နယ်စပ်ဒေသများမှာ ယခုအခါ အမျိုးစုံသော အင်အားဖက်ပြိုင်နေကြသည့် လက်နက်ကိုင်အုပ်စုများက ထိန်းချုပ်ထားပါသည်။ သီးခြားလွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းထူထောင်ရန် ဆိုလျှင် မြေမကျန်တော့သလောက် ရှိနေပါသည်။ သို့အတွက်ကြောင့်လည်း စခန်းနေ ဒုက္ခသည်များက အိမ်ပြန်အခြေချနိုင်ရေး ဖြစ်နိုင်ခြေများအပေါ် နိုင်ငံရေးကိစ္စသဖွယ် ယူဆဆုံးဖြတ်နေကြပါ သည်။ (နိုဖိုး *NPO, အုန်းဖျံ UMP, မဲလ MLA*).

> *"အိမ်ကထွက်ပြေးရပြီး ပြန်တဲ့သူတစ်ဦးအဖို့ အရေးကြီးတာက ဘယ်အလံအောက်မှာ ရပ်ဖို့ ဆုံးဖြတ်ရတာပါပဲ"*
>
> မဲလမှ မြဝတီသို့ပြန်သူ အမျိုးသားတစ်ဦး

- ကရင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် နေထိုင်ကြသည့် ပြည်တွင်း ဒုက္ခသည်များ (IDPs) မှာ ယခုအခါ ပိုမိုရေရှည်တည်တံ့ကောင်းမွန်သည့်အဖြေရှာဖွေနိုင်ရန်အတွက် ပျံ့ကျဲလျက် အခြေ

ချနေထိုင်ကြပြီ ဖြစ်ပါသည်။ (မြို့ပြများသို့ ရွှေပြောင်းခြင်း၊ တည်ငြိမ်သည့်ကျေးရွာထူထောင်ခြင်း၊ မူရင်းဒေသများသို့ "လှို့ဝှက်" ပြန်၍အခြေချခြင်း များ အပါအဝင် ဖြစ်ပါသည်။) တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၏ ကာကွယ်ပေးမှုအောင်တွင် နေ ထိုင်ကြသော သူများအတွက်မူ၊ အပစ်ခတ် ရပ်စဲရေးပြီးနောက် ပြည်တွင်းဒုက္ခသည်များ ပြန်လည်နေရာချထားပေးရေးကိစ္စအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းသဘောတူညီမှု လိုအပ်မည် ဖြစ်ပါ သည်။ (မဲလအုန်း *MLO*).

<u>မြေပိုင်ဆိုင်ခွင့်</u>

- အုန်းဖျံမိုင်နှင့် နိုဖိုးစခန်းများရှိ မိသားစုများက သူတို့၏ လုံခြုံရေး မသေချာမရေရာသေးမီ အပြီးပြန်ရဖို့ စဉ်းစားရမည့်အရေး အကျပ်အတည်းဆိုက်နေကြသည်။ သို့မှသာ ထားခဲ့သည့်မြေများ ပြန်ရရေးသေချာမည် ဖြစ်ပြီး၊ အကယ်၍ ရေရှည်တည်တံ့စွာ ပြန်နိုင်သည့် အခြေအနေကို စောင့်နေပါက၊ မြေဆုံး အခွင့်အလမ်းဆုံး ရမည့် အခြေဆိုက်နေပါသည်။ ဤသို့ပူပန်မှုကို ဒေသခံတပ်မတော်ယူနစ်များ၊ ကေအဲန်ယူခေါင်းဆောင်များ နှင့် အလားတူ မျာမကြာမီက မဲ့ဖာလောင်ဖောင်ဒေးရှင်း (Mae Fa Luang Foundation) ကလည်း ကြိမ်ဖန် များစွာ တွန်းအားပေးနေကြရာ ပို၍ဆိုးရွားစေသည်။ (အုန်းဖျံ*UMP*).

> *"ကျွန်မက အခု လိုအပ်နေတဲ့ မြေပိုင်ခွင့်ကိစ္စ ကို မိခင်အဖွဲ့အစည်း (KNU) ဆီက စီစဉ်ပေးဖို့ လိုလားတယ်။ မျှော်လင့်နေတယ်"*
>
> ထမ်ဟင်းမှ ထားဝယ်သို့ပြန်သူ အမျိုးသမီးတစ်ဦး

- အပစ်ခတ်ရပ်စဲချိန်မှစ၍ ကေအဲန်ယူနှင့် ဒေသခံအာဏာပိုင်တို့မှ မြေပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းကို ထားဝယ်မြို့နယ်တွင် တိုး၍ဆောင်ရွက်နေသည်။ သို့သော်မြေလျှောက်ထားသူက နိုင်ငံသားမှတ်ပုံတင်ပြသရန် လိုအပ်နေသေးသည်။ (ဘန်းတုံယန်း *BDY*).
- ကြာအင်းဆိပ်ကြီးမြို့နယ်တွင်၊ မြေပိုင်ရှင်များက မြေမှတ်ပုံတင် လက်မှတ် နှစ်စဉ်သက်တမ်းတိုးရန် ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းများသို့ တစ်ရိုင် *rai* (၁,၆၀၀ စတုရန်းမီတာ) လျှင် ၁,၀၀၀ ကျပ် ပေးကြရသည်။ အကယ်၍ မပေးဆောင်ပါက သူတို့မြေကို သိမ်းယူခွင့်ရှိသည်ဟု ဆုံးဖြတ်သွားကြမည် ဖြစ်သည်။ (အုန်းဖျံ *UMP*).
- လျော်ကြေးတစ်စုံတစ်ရာ ပေးသော်လည်း ဒေသခံတပ်မတော်ယူနစ်က ကျောထောက်နောက်ခံပေး၍ ကုမ္ပဏီများက မြေယာများသိမ်းယူမှု ထားဝယ်မြို့ နယ်တွင် တိုး၍ဖြစ်ပွားနေသည်။ (သို့သော်ခုခံမှုကြုံရသည့် အခါ အတင်းအကျပ်တိုက်တွန်းမှုများလည်း ရှိသည်။) ထားဝယ်မြို့နယ်တွင် ကေအဲန်ယူက ၎င်းတို့ဩဇာ သက်ရောက်ရာနယ်မြေများ၌ ကုမ္ပဏီများ၏ ထိုးဖောက်မှုကို ထိန်းချုပ်မှုများ ရှိသည်။ (ထမ်ဟင် *THI, ဘန်းတုံယန်း BDY*).
- မကြာသေးမီက လမ်းချဲ့သည့်စီမံကိန်းများအတွက် မြေယာသိမ်းယူမှုများရှိခဲ့ရာ ဒေသခံပြည်သူများ၏ မြေပိုင်ဆိုင်မှု အပေါ်ထိခိုက်နစ်နာစေသော အကျိုး သက်ရောက်မှုကိုဖြစ်ပေါ် စေပါသည်။

<u>မြေယာ ပြန်လည်ရယူနိုင်မှု</u>

- ထမ်ဟင်စခန်းရှိ အိမ်ထောင်စုများ၏ ၅% မှာ သူတို့နေရပ်ရင်းသို့ ပြန်၍ မူရင်းမြေများကို ပြန်လည်ရယူလိုကြပါသည်။
- မူလကပိုင်ဆိုင်ခဲ့သည့် မြေများကို ပြန်လည်ရယူရန်မှာ မြို့ပြနှင့် ဆင်ခြေဖုန်းဒေသများတွင်သာ ဖြစ်နိုင်ပါသည်။ (သို့သော် ပုံမှန်အားဖြင့် ပြန်လည်ဝယ်ယူရန် လိုအပ်ပါသည်။) နယ်စပ်ကျေးလက်ဒေသများတွင် မြေ ပြန်လည်ရယူမည်ဆိုပါက ပို၍ ခက်ခဲပါသည်။ အကြောင်းမှာ ဖက်ပြိုင်နေကြသည့် လက်နက်ကိုင်အင်အားစုများက သိမ်းယူထားသောကြောင့် ဖြစ်ပါသည်။ (အုန်းဖျံ*UMP, မဲလ MLA*).

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုံခြုံမှု

တောင်းဆိုမှုများ

- ခရီးသွားလာမှုတွင် လွတ်လပ်လာ၍ ကန့်သတ်ချုပ်ချယ်မှုများကို ဖြေလျော့ပေးခဲ့ပြီ ဖြစ်သော်လည်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ပုံမှန် အခွန်ကောက်ခံမှုများ (ကျေးရွာလူထုများက မိမိတို့၏ ခြံထွက်သီးနှံများကို ဈေးကွက်သို့ပို့ဆောင်ရာတွင်ပင်) စစ်တပ်စခန်းများ တည်ရာရှိနေသေးသည်။ ယင်းကိစ္စမှာ နေရာအနှံ့အပြားတွင် ရှိနေဆဲဖြစ်သည်။

> *"အကယ်၍ အစစ်အမှန်ငြိမ်းချမ်းရေးသာဖြစ်မယ်ဆိုရင်၊ ကျွန်တော်တို့ အမှန်ပြန်မှာပဲ … ကျွန်တော်တို့ ခုတော့ သက်မွေးဝမ်းကျောင်း လုပ်ဖို့လည်း မြေမကျန်ဘူး။ အဲန်ဂျီအိုတွေကလည်း ကိုယ့်ဘာသာ ဖူလုံရေးအကြောင်း အတော်ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ အများစုက လယ်သမားဘဝနဲ့ အဆုံးသတ်ကြ မှာပဲ။ ထိုင်းမှာပဲလား၊ မြန်မာပြည်မှာလား တော့ မသိဘူး။"*
>
> အုန်းဖျံမှ ကော့ကရိတ်သို့ ပြန်သွားသူ အမျိုးသားတစ်ဦး

- အစားအသောက်၊ ယာဉ်ဆင့်ဆို အသုံးချခြင်း၊ အဝမွလုပ်အားခိုင်းစေမှု/ သက်ဆိုင်သည့် ခံစားခွင့်များစသည်တို့ကို လက်နက်ကိုင်အင်အားစုအားလုံးတို့က ပံ့ပိုးပေးရန်၊ ရုပ်ဂတ္တုထောက်ပံ့ပေးရန် တောင်းဆိုနေသည့်အတွက်ကြောင့် ဒေသခံများ၏ သက်မွေးဝမ်းကျောင်းမှုကို ထိခိုက်နစ်နာစေသည်။ သို့သော်လည်း ဤသို့တောင်းဆိုမှု ပမာဏနှင့် ကြိမ်ရေ လျော့နည်းကျဆင်းသွားခဲ့သည်။ (အချို့နေရာများတွင် သိသာစွာ လျော့ကျသွားသည်။) တပ်မတော်တပ်ဖွဲ့များက ဤသို့ကိစ္စများကို တောင်းဆိုမှုသည် အတင်းအကျပ်သဘော ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။ [ဥပမာ- ကော့ကရိတ်တွင် ကျောင်းပြင်ဆင်ရန် ခိုင်းစေမှု *(မဲလ MLA)*] တစ်ချိန်တည်းတွင် တိုင်းရင်း သားလက်နက်ကိုင် အင်အားစုများဖက်က တောင်းဆိုမှုမှာ ပို၍စေတနာ့ဝန်ထမ်းသဘော ဆောင်ပြီး၊ တိုင်းရင်းသားတို့၏ မျိုးချစ်စိတ်အပေါ်တွင် အခြေခံသည်။ [ဥပမာ- ထော့ကလိုခိုးတွင် လမ်းပြင်ဆင်ရန် ငြိမ်းချမ်း ရေးကောင်စီက တောင်းဆိုမှု *(အုန်းဖျံ UMP)*]
- မြဝတီမြို့နယ်ရှိ ဒီကေဘီအေအဖွဲ့က ယာဉ်များအားလုံးကို အခွန်ကောက်ယူနေသည်။ မော်တော်ဆိုင်ကယ်တစ်စီးအတွက် နှစ်စဉ် ၅၀၀-၆၀၀ ဘတ်၊ ကားတစ်စီးအတွက် ၄,၀၀၀ ဘတ် ကျသင့်သည်။ (အုန်းဖျံ *UMP*).
- မကြာသေးမီက လမ်းချဲ့ထွင်ရေးစီမံကိန်းများအတွက် မြေယာသိမ်းယူမှုများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ဆောင်မှုကို ထိခိုက်နစ်နာစေသည်။ သို့သော်လည်း သူတို့အနေဖြင့် နောက်ပိုင်းတွင် ဈေးကွက်များသို့ ပိုမို ထိတွေ့သွားရောက်နိုင်ဖွယ် ရှိသည်။

အလုပ်အကိုင် အခွင့်အလမ်းများ

- သယံဇာတထုတ်လုပ်ငန်းများ၊ သို့မဟုတ် စီးပွားဖြစ် စိုက်ခင်းများ ဒေသတွင်း ဝင်ရောက်လာကြသောကြောင့်၊ အလုပ်အကိုင် အနည်းငယ်မျှကိုသာ ဖန်တီးပေးနိုင်သည်။ သို့သော်လည်း တစ်ခါတစ်ရံ ကျပန်းလုပ်အားလိုအပ်သောကြောင့် ဒေသခံများကို နေ့စားအဖြစ်ငှားရမ်းခိုင်းစေမှုမျိုး ရှိတတ်သည်။ ထို့အပြင် ကျေးရွာလူထုများ၏ရင်းမြစ်များကို တူးဖော်ထုတ်ယူမှုကြောင့်လည်း ဒေသခံများက မည်သည့် အကျိုးအမြတ်မျှ မခံစားကြရပေ။ ယင်းထုတ်ကုန်များကို ကုန်ကြမ်းအဖြစ် မြို့ပြဒေသသို့ တင်ပို့သွားကြသည်။

> *"အရင်ကိုယ်ပိုင်တဲ့မြေပေါ်မှာ ကုမ္ပဏီတစ်ခုအတွက် အလုပ်ပြန်လုပ်ပေးရမယ်ဆိုတာ အနာဂတ်အတွက် အဓိပ္ပါယ်မရှိပါဘူး"*
>
> နိုဗိုးမှ ကော့ကရိတ်သို့ပြန်သူ အမျိုးသားတစ်ဦး

- ထွက်ပြေးရွှေ့ပြောင်းရ၍ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေစဉ် ရရှိခဲ့သည့် အရည်အသွေးများနှင့် ပတ်သက်၍ သိသာသည့်စိုးရိမ် ပူပန်မှုများ ရှိနေကြသည်။ ယင်းအရည်အချင်းများကို ဒေသခံ၊ သို့မဟုတ် မြန်မာနိုင်ငံ အာဏာပိုင်များက အိမ်ပြန်ကြသည့်အခါ အသိအမှတ်မပြုမည်ကို စိုးရိမ်နေကြသည်။

သွားရောက်ထိတွေ့နိုင်မှု

- အထူးသဖြင့် ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ကရင်နီပြည်နယ်တို့တွင် တပ်မတော်စစ်စခန်းများနှင့် နီးကပ်သူများအဖို့ စိုးရိမ်ပူပန်ဖွယ် ရှိနေသေးသော်လည်း၊ ယေဘုယျအားဖြင့် လယ်ကွင်းများ၊ စိုက်ခင်း ဥယျာဉ်များနှင့် ဈေးကွက်များသို့ ပို၍သွားရောက်ထိတွေ့နိုင်သည်။ (မဲရမတ်လောင် *MRM, မဲလအုန်း MLO, စခန်း ၁ S1*).

## အကြီးစားသယံဇာတထုတ်လုပ်ငန်းများ၊ စီးပွားဖြစ် စိုက်ခင်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း

- အကြီးစား သယံဇာတထုတ်လုပ်သည့် စီးပွားဖြစ်လုပ်ငန်းများ ရောက်လာမှုကြောင့် နေရာအများစုတွင် ကျူးကျော်မှုများ၊ ထိပါးမှုများ ကြုံ တွေ့နေကြရသည်။ အချို့မှာ သိသာသည့် ကျူးကျော်မှုများ ကြုံတွေ့ကြရသည်။ (မဲလအုန်း *MLO, စခန်း ၂ S2*). သတင်းများအရ လာရောက်လုပ်ကိုင်ကြသည့် လုပ်ငန်းအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည်။
  - စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ (ပြောင်းဖူးချို၊ မြေပဲ၊ ရာဘာ၊ ဆီအုန်း)။ ။ အဓိကအားဖြင့် ကရင်ပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၊ မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ဖြစ်သည်။ (သို့သော် ပြောင်းဖူးချိုနှင့် မြေပဲကို မြဝတီတောင်ပိုင်း နယ်စပ်အနီးတွင် စိုက်ပျိုးထားမှုမှာ ဒေသခံပြည်သူများက ထိုင်းကုမ္ပဏီများနှင့် ပူးပေါင်း ဆောင်ရွက်ထားခြင်းသာ ဖြစ်သည်။ ထိုင်းတို့က ထုတ်ကုန်ကို ဝယ်၍၊ စိုက်ပျိုးရေးနှင့်ဆိုင်သော သွင်းအားစု-နည်းပညာ ထောက်ပံ့ပေးသည်။) *(အုန်းဖျံ UMP*).
  - သတ္တုမျိုးစုံ (မိုင်းတူးဖော်ခြင်း)။ ။ အထူးသဖြင့် ကရင်ပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်နီပြည်နယ်။
  - သစ်ထုတ်လုပ်ငန်း။ ။ အထူးသဖြင့် ကရင်ပြည်နယ် မြောက်ပိုင်း (*"ကရင်ပြည်နယ် အလယ်ပိုင်း နဲ့ အရှေ့ပိုင်းမှာ သစ်ခုတ်ဖို့ သစ်ပင်မကျန်တော့ဘူး" (UMP*).
  - ရေအားလျှပ်စစ် စီမံကိန်းများ။ ။ အထူးသဖြင့် ကရင်ပြည်နယ် မြောက်ပိုင်း၊ ကရင်နီပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး။

> *"[ကုမ္ပဏီက ဒေသထဲမှာ မိုင်းစတူးလာကတည်းက] ရွာသားတွေက သန့်ရှင်းတဲ့ရေရဖို့ အဝေးကြီး ပိုလျှောက်ကြရတယ်"*
>
> မဲလအုန်းမှ ကျောက်ကြီးသို့ပြန်သူ အမျိုးသမီးတစ်ဦး

- ယင်းရလဒ်များကြောင့် ကျေးရွာလူထုများမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးရမှု နောက်ဆက်တွဲဆိုးကျိုးများနှင့် ကြုံတွေ့ကြရသည်။
  - ဒေသခံရေ အရင်းမြစ်များ ညစ်ညမ်းလာခြင်း (လွတ်လပ်စွာစီးနေသော ရေများနှင့် လှောင်ရေများ)၊ အိမ်ထောင်စုအတွက် ထောက်ပံ့ပစ္စည်းများနှင့် အိမ်မွေးတိရိစ္ဆာန်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အပေါ် သက်ရောက်မှု ရှိလာစေသည်။
  - စိုက်ပျိုးမြေများ မြေဆီသုဉ်းလာခြင်း။
  - လုံလောက်သောလျော်ကြေး ပေးခြင်းမရှိဘဲ မြေယာလုယက်သိမ်းယူခြင်းများ.. ကြုံတွေ့ကြရသည်။

> *"သူတို့ (ကုမ္ပဏီ) လုပ်ငန်းတွေ၊ လှုပ်ရှားမှုတွေ တော့ သိပ်မတွေ့ရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဒေသမှာ အခုမှ အစပဲဖြစ်လို့လည်း ဖြစ်နိုင်တာပဲ"*
>
> မဲရောမှမှ သံတောင်သို့ပြန်သူ အမျိုးသားတစ်ဦး

- မြန်မာအစိုးရနှင့် တပ်မတော်တို့မှာ တိုက်ရိုက်ဆောင်ရွက်ခြင်း မဟုတ်ကြသော်လည်း၊ ဤသို့စီးပွားရေးလုပ်ငန်းများကို ဖျက်ဆီးတတ်သည့်သဘောရှိသော ကုမ္ပဏီများသို့ချပေးမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများက မသိမသာဆိုးရွားလျက် ရှိနေကြပါသည်။ ဒေသခံပြည်သူများအနေဖြင့် ပြောရေးဆိုခွင့်လည်း မရှိကြပါ။

## ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ

အထွေထွေ

- ဒေသအစိုးရများက ကျေးလက်ဒေသများတွင်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်လာချိန်မှစ၍ ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများတွင် တိုးတက်မှုအနည်းငယ် ရှိလာခဲ့သည်။ ယင်းတို့မှာ-
    - ကျောင်းသစ်များနှင့် ကျန်းမာရေးဌာန အသစ်များ ဆောက်လုပ်ခြင်း၊
    - အစိုးရကျောင်းများတွင် အတန်းတိုးမြှင့် သင်ကြားပေးလာခြင်း၊
    - ကာကွယ်ဆေးထိုးမှု အပါအဝင် ကျန်းမာရေးအရ လူထုအကြား တိုးချဲ့ လုပ်ဆောင်ပေးမှုများ။

ဤလုပ်ငန်းများမှာ အတိအကျဆိုလျှင် နေရာဒေသ ၃-ခုတွင် အဓိကဖြစ်ပေါ်နေပါသည်။

> *"အခုဒေသအစိုးရက ကျန်းမာရေးလုပ်သားတွေ ရွာအထိလွှတ်ပေးတော့ ကောင်းတာပေ့ါ။ ဒါပေမယ့် စကားမတူတော့ ပြောရဆိုရတာ ခက်တယ်။"*
>
> စခန်း-၂ မှ ဘော်လခဲသို့ ပြန်သွားသူ အမျိုးသမီးတစ်ဦး

- ပမာဏ ငြိမ်းချမ်းရေးတည်ဆောက်မှု ကာလအတွင်း ဧရိယာ (ဥပမာ- ကျောက်ကြီးမြို့ မြောက်ဖက်ပိုင်းတွင် အထက်တန်းကျောင်းဆောက်လုပ်ပေးခြင်း၊ အစိုးရ၏ ကျန်းမာရေးနယ်လှည့်အစီအစဉ်များ၊ မူလတန်းကျောင်း အသစ်များ၊ ထားဝယ်မြို့နယ်တွင် တည်ရှိပြီးကျောင်းများကို အဆင့်မြှင့်တင်ခြင်းများနှင့် ကရင်နီပြည်နယ် မြောက်ပိုင်းတွင် အတိအကျ ဖော်ပြနိုင်ခြင်း မရှိသော အချို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည်။) (မဲလ *MLA, ဘန်းတုံယန်း BDY, စခန်း ၁ S1*).
- မဟာဗျူဟာကျသည့် မြို့ပြများနှင့် နီးစပ်သည့် ဧရိယာများ (ဥပမာ-ဖားအံမြို့နယ်၊ ထိုကလိုခိုး နှင့် ကျိုက်ဒုံဒေသများ – အုန်းဖျံ *UMP, နိုဖိုး NPO*).

- ထိုင်းနယ်စပ်နှင့် နီးစပ်သည့်ဒေသများတွင်မူ အစိုးရက ပေးသည့် ဝန်ဆောင်မှုများ အကောင်အထည်ဖော်ပေးမှု လုံးဝကင်းမဲ့နေပါသည်။ (ဥပမာ- ကျိုက်ဒုံနှင့် နယ်စပ်အကြားဒေသများ၊ – *NPO*) ထို့အတွက်ကြောင့် လူအများမှာ ဒုက္ခသည်စခန်းများရှိ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ရယူနေကြရပါသည်။
- ခရီးသွားလာခွင့် လွတ်လပ်လာသောကြောင့်၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများက (အတိအကျဖော်ပြနိုင်ခြင်းမရှိသည့်) သူတို့၏ ဝန်ဆောင်မှုများကို အချို့ဒေသများတွင် ဆောင်ရွက်လာနိုင်ကြပါသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ကရင်နီပြည်နယ်တို့တွင် ဖြစ်သည်။ (မဲရမတ်လောင်*MRM, စခန်း ၁ S1*).

အခကြေးငွေများ

- နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲလာချိန်မှစ၍ အစိုးရကျန်းမာရေး ဝန်ဆောင်မှုများကို ရယူရာတွင် ပေးရသည့် သိသာ အောင်ကြီးလေးသည့် အဖိုးအခမှာ ပြောင်းလဲခြင်း မရှိသေးပါ။ အကယ်၍ ငွေကြေး မပေးနိုင်ပါက၊ ဝန်ဆောင်မှု မရရှိကြပါ။ ရပ်ရွာက ဦးစီးသည့် ဝန်ဆောင်ပေးမှုများမှာလည်း အများအားဖြင့် ဝန်ဆောင်မှုရရှိသူက စေတနာအလျောက် ထည့်ဝင်ပေးရန် လိုအပ်ပါသည်။ ဆရာများကို ဤငွေမှ ပံ့ပိုးပေးရန် ဖြစ်သည်။ ဥပမာအားဖြင့်-

> *"အစိုးရဆေးခန်းမှာ မီးဖွားမယ်ဆိုရင်တော့ ကျပ်တစ်သိန်းလောက် ပေးရလိမ့်မယ်။ အမွှာဆိုရင် နှစ်ဆပေးရမလားတောင် မသိပါဘူး။"*
>
> မဲလအုန်းမှ ကျောက်ကြီးသို့ ပြန်သွားသည့် အမျိုးသမီးတစ်ဦး

  - ကျောက်ကြီးမြို့နယ်တွင် အစိုးရဆေးခန်း၌ သားဖွားရာ တစ်သိန်းကျပ် (ဒေါ်လာ ၁,၂၀၀ ခန့်) ကုန်ကျသည်။ အိမ်တွင် ရှိးရာလက်သည်ခေါ်၍ သားဖွားမည်ဆိုပါက၊ ကျပ် ၅၀,၀၀၀ ခန့် ကုန်ကျသည်။ (မဲလ *MLA*).
  - စာမေးပွဲအောင်မြင်သည်ဖြစ်စေ- မအောင်သည်ဖြစ်စေ၊ အထက်တန်းကျောင်း "အောင်မြင်စွာ" ပြီးမြောက်ရန် အစိုးရကျောင်းများတွင် ငွေသိသိသာသာ ပေးဆောင်ကုန်ကျရန် လိုအပ်ပါသည်။ (ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ၁,၇၀၀,၀၀၀ ကျပ်၊ သံတောင်တွင် ၁,၃၀၀,၀၀၀ ကျပ် လို

> *"ကျွန်မတို့ရွာက လူတွေက ကလေးတွေကို မဲလအုန်းမှာ ကျောင်းထားဖို့ လွှတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေသမှာ မူလတန်းအထက်ကို ကျောင်းမရှိလို့ပဲ။ ကရင်ပြည်နယ်မှာ မဲလက နာမည်ကြီးတယ်။"*
>
> မဲလအုန်းမှ ကြာအင်းဆိပ်ကြီးသို့ ပြန်သွားသည့် အမျိုးသမီး

အပ်သည်။ ကျောင်းယူနီဖောင်း၊ ဆရာများကိုပေးရန် နှင့် ကျူရှင်ဖိုးကုန်ကျငွေများအတွက် ဖြစ်သည်။)

- ○ ထိုးကလိုခိုးတွင် ကျောင်းသားတစ်ဦးက တစ်နှစ်လျှင် ဆန် သံပုံး ၆ ပုံး (၉၆ ကီလိုဂရမ်) ပေးဆောင်ရမည် ဖြစ်သည်။ (မဲလ *MLA*).

- ပညာရေးကို အလေးထားတန်ဖိုးထားကြသည့်အတွက်၊ ဒုက္ခသည်စခန်းများတွင် နှိုင်းယှဉ်ချက်အရ ကုန်ကျစားရိတ်နည်းပြီး၊ ပို၍အရည်အသွေးမြင့်မားရာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်ဒေသမှ ပြည်သူများအတွက် အခြားရွေးချယ်အားထားစရာ နေရာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်မူ ဈေးကြီးပြီး၊ အရည်အသွေးနိမ့်သည်ဟု မြင်ကြသည်။ (မဲလ *MLA*).

<u>ဘာသာစကား</u>

- ကြာအင်းဆိပ်ကြီးနှင့် ထားဝယ်မြို့နယ်များရှိ ဒေသအစိုးရအာဏာပိုင်များသည် ကရင်ဘာသာစကား သင်ရိုးညွှန်းတန်းကို သင်ရန် ခွင့်ပြုပေးခဲ့ပါသည်။ (ဘန်းတုံယန်း *BDY, မဲလ MLA*).
- [ထားဝယ်] ဇရိယာ ပြင်ပတွင် ခန့်ထားသည့် ဝန်ထမ်းများသည် မိမိတို့၏ ဘာသာစကားကို ပြောဆိုနိုင်ခြင်း မရှိကြပေ။ သို့အတွက်ကြောင့် ဝန်ဆောင်မှုပေးရာတွင် မထိရောက် ဖြစ်စေပြီး၊ မိမိတို့၏ အခွင့်အရေးများကိုလည်း မကျင့်သုံးနိုင် ဖြစ်ရသည်။ (ထမ်းဟင် *THI*).

<u>ဘ၀တက်လမ်း အခွင့်အရေးများ</u>

- ဒေသအစိုးရက လုပ်ဆောင်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွင်း ဘ၀၊ လုပ်ငန်းခွင် တက်လမ်းအတွက် ဗမာများကိုသာ ဦးစားပေးမှု ရှိနေဆဲ ဖြစ်ပါသည်။ ထားဝယ်မြို့နယ်တွင် ဤအခြေအနေမျိုး မတွေ့ရှိရပါ။
- ထွက်ပြေးရွှေ့ပြောင်းရစဉ်ကာလအတွင်း၊ ဒုက္ခသည်စခန်းရှိ ဝန်ထမ်းများ ရရှိထားသည့် အရည်အချင်းများနှင့် ပတ်သက်၍မူ အိမ်ပြန်သည့်အခါ ဒေသအာဏာပိုင်များမှသော်လည်းကောင်း၊ နိုင်ငံအဆင့်အစိုးရ အာဏာပိုင်များမှသော်လည်းကောင်း အသိအမှတ်မပြုမည်ကို အလွန်အမင်းစိုးရိမ် ပူပန်နေကြပါသည်။

## မူးယစ်ဆေးဝါး ထုပြောမှု

- ခရီးသွားလာခွင့်အပေါ် ချုပ်ချယ်ကန့်သတ်မှုများ လျော့ချလိုက်သည်နှင့်အညီ၊ မူးယစ်ဆေးဝါး (အထူးသဖြင့် ယာဘ) ဝင်ရောက်လာမှုများ ကရင်ပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိုးတက်များပြားလာသည်။ (မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်မြို့နယ်များ) အထူးသဖြင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ဌာနချုပ်ဖြစ်သော ထိုကလိုခိုး၊ ကရင်နီပြည်နယ်၊ အချို့သောဒုက္ခသည်စခန်း များ (နိုဖိုး၊ အုန်းဖျံမိုင်၊ မဲလ၊ မဲလအုန်း၊ စခန်း-၁) သို့ မူးယစ်ဆေး များ ဝင်ရောက်လာကြသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လူငယ် ၃၀% မှာ မူးယစ်ဆေးပုံမှန် သုံးစွဲနေကြသည်ဟု ဆိုသည်။ (*နိုဖိုး NPO*) သို့သော် ထားဝယ်မြို့နယ်တွင်မူ ယာဘား သုံးစွဲမှုနှင့် ပတ်သက်၍ သတင်းအမျိုးမျိုး ကွဲလွဲစွာတွေ့ရှိရသည်။ (ထမ်းဟင်း- *မရှိပါ။ ဘန့်တုံယန်း- ရှိသည်။*)

> *"အခု ကရင်နီတောင်ပေါ်မှာ ခင်ဗျားဘယ်လို မူးယစ်ဆေးဝါး လိုချင်လိုချင် ရတယ်"*
>
> စခန်း-၁ မှ ကရင်နီပြည်နယ်သို့ပြန်သူ အမျိုးသားတစ်ဦး

- မြစ်ဝကျွန်းပေါ်ဒေသ (ပုသိမ်) တွင် မူးယစ်ဆေးအဖြစ် အလွဲသုံးမှုများ (ဒိုင်ယာဇီပန်) တိုးမြင့်လာသည်ကို၊ အထူးသဖြင့် အထက်တန်းကျောင်းသားများအကြား၌ပင် တွေ့ရှိရသည်။ (အုန်းဖျံ *UMP*).
- ဤသို့တိုးများလာရခြင်းမှာ လူတစ်ဦးချင်း၏ စီးပွားရေး မတော်လောဘကြောင့် ဖြစ်ပြီး၊ တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မူဝါဒ၊ ဆောင်ရွက်မှုများကြောင့် မဟုတ်ပါ။ (သို့သော် အုပ်စုများက ရည်ရွယ်ချက်ရှိသည် ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ၊ ပို၍ ဝင်ရောက်လာစေရန် ဆောင်ရွက်နေသည်ဟူသော သံသယများ ရှိနေပါသည်။ အထူးသဖြင့် ကရင်ပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၊ ကရင်နီပြည်နယ်တို့တွင် ဖြစ်သည်။ (*နိုဖိုးNPO, အုန်းဖျံ UMP, မဲလ MLA, စခန်း ၂ S2*).

> *"အကယ်၍ ဒုက္ခသည်တွေ အိမ်ပြန်တာတကယ်ဖြစ်လာခဲ့ရင်၊ လူငယ်တွေအတွက် ကျွန်တော်သိပ်စိုးရိမ်တယ်... [ထော့ကိုခိုးဒေသက] အများစုဟာ [ယာဘား သောက်ပြီး] ပျက်စီးနေကြပြီ"*
>
> အုန်းဖျံမိုင်မှ ကော့ကရိတ်သို့ပြန်သူ အမျိုးသားတစ်ဦး

**အခြား**

- လွတ်လပ်စွာ ခရီးသွားလာနိုင်ရေး၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များ၊ ပြောရေးဆိုခွင့်များအတွက် ၂၀၁၁ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်လာခဲ့ပြီးနောက်ပိုင်းတွင်၊ တင်းကျပ်ချုပ်ချယ်မှုများ လျှော့နည်းသွားခဲ့သည်။ ဥပဒေအရ ဤအပြောင်းအလဲများကို အတည်မပြုထားသည့်အတွက်ကြောင့် လက်ရှိဖြစ်ပေါ်တိုးတက်မှုများမှာ မတည်ငြိမ်ပြိုကွဲလွယ် ဖြစ်နေသေးပြီး၊ လုံးဝ နောက်ပြန်လှည့်သွားနိုင်သေးသည်။
- နိုင်ငံသားမှတ်ပုံတင်ကဒ်ပြား (နိုင်ငံသားစိစစ်ရေးကဒ်) ထုတ်ပေးခြင်းမှာ တိုးတက်လာခဲ့သည်။ သို့သော်လည်း မူစလင်များအတွက်မှာမူ သူတို့၏ကိုးကွယ်ရာဘာသာကို မှတ်တမ်းတင်ထားခြင်း မခံကြရပါ။ (အုန်းဖျံမိုင်စခန်း)

## ရေရှည်တည်တံ့သည့်အိမ်ပြန်မှုအတွက် အရေးကြီးသည့် အခက်အခဲများ

*မှတ်ချက်။ * ယခုအခန်းတွင် ယာယီအိမ်ပြန်ကြသူများ၏ အမြင်များ အသေးစိတ်ကိုသာ ဖော်ပြထားသည်။*

** ဖြေကြားသူများကို သူတို့အိမ်ပြန်နိုင်ရေးအတွက် ဦးစားပေး အခက်အခဲ အကြောင်းအရာများကို ၂-ခုမှ ၄ ခု ဖြေပေးရန် မေးခဲ့သည်။*

*ယခုနံပါတ်များသည် ဆွေးနွေးစဉ် ပင်မကျသည့် ပြဿနာများအပေါ် အခြေခံ၍ (၅-ခုမှ ၇-ခုအထိ) စုစုပေါင်းထုတ်ထားခြင်း ဖြစ်သည်။ အောက်တွင် အကျဉ်းချုပ်ဖော်ပြထားသည်။ ဦးစားပေးကိစ္စတစ်ခုချင်းအပေါ် ၁ မှတ်ပေးပါသည်။*

### နယ်စပ်တစ်လျှောက်လုံးတွင် ရေရှည်တည်တံ့သည့် အိမ်ပြန်မှုအတွက် အရေးကြီးသည့် အခက်အခဲများ အကျဉ်းချုပ်

| ရေရှည်တည်တံ့သည့် အိမ်ပြန်မှုအတွက် ဒုက္ခသည်တို့ကိုယ်တိုင် ဖော်ထုတ်ပြောကြားသည့် အခက်အခဲများ | စခန်း | အရေအတွက် | စုစုပေါင်းမှ % | ဦးစားပေး |
|---|---|---|---|---|
| **လက်နက်ကိုင် အဖွဲ့များ ရှိနေခြင်း/ အပစ်ရပ်စဲရေး သေချာမှု** | စခန်း-၁ | ၂ / ၂ | ၃၆% | ၁ |
| | စခန်း-၂ | ၁၃ / ၁၃ | | |
| | မဲလအုန်း | ၁၂ / ၁၂ | | |
| | မဲရမတ်လောင် | ၇ / ၉ | | |
| | မဲလ | ၉ / ၉ | | |
| ** ထမ်ဟင်းစခန်းတွင် ယခုအခက်အခဲကို အကြောင်းအချက် ၂ ခု ဖော်ပြပါသည်။ သို့အတွက်ကြောင့် အမှတ် ၂ ခု ပေးခဲ့သည်။* | အုန်းဖျံ | ၇ / ၁၁ | | |
| | နိုဖိုး | ၁၃ / ၁၄ | | |
| | ဘန့်တုံယန်း | ၇ / ၇ | | |
| | ထမ်ဟင် | * ၁၆ / ၈ | | |
| | **စုစုပေါင်း** | **၈၆ / ၈၅** | | |
| **မြေပိုင်ဆိုင်ခြင်း/ မြေပြန်ရယူနိုင်ခြင်း** | စခန်း-၁ | ၁ / ၂ | ၁၅% | ၂ |
| | စခန်း-၂ | ၅ / ၁၃ | | |
| | မဲလအုန်း | ၄ / ၁၂ | | |
| ** မဲရမတ်လောင်စခန်းတွင် မြေပိုင်ခွင့်နှင့် သက်မွေးဝမ်းကျောင်း မလုံခြုံမှု ပြဿနာများဖော်ပြကြသူ ဖြေကြားသူများက တွဲစပ်နေသည့် အခက်အခဲတစ်ခုအဖြစ် ဖော်ပြကြသည်။ သို့အတွက်ကြောင့် အမှတ်ကို အခက်အခဲ ၃-ခုအကြား ညီမျှစွာ ခွဲခြားပါသည်။* | မဲရမတ်လောင် | * ၅ / ၉ | | |
| | မဲလ | ၃ / ၉ | | |
| | အုန်းဖျံ | ၇ / ၁၁ | | |
| | နိုဖိုး | ၁၀ / ၁၄ | | |
| | ဘန့်တုံယန်း | ၂ / ၇ | | |
| | ထမ်ဟင် | ၀ / ၈ | | |
| | **စုစုပေါင်း** | **၃၇ / ၈၅** | | |
| **ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ** | စခန်း-၁ | ၀ / ၂ | ၁၅% | ၃ |
| | စခန်း-၂ | ၂ / ၁၃ | | |
| | မဲလအုန်း | ၂ / ၁၂ | | |
| | မဲရမတ်လောင် | ၄ / ၉ | | |
| | မဲလ | ၀ / ၉ | | |
| | အုန်းဖျံ | ၆ / ၁၁ | | |
| | နိုဖိုး | ၁၂ / ၁၄ | | |
| | ဘန့်တုံယန်း | ၃ / ၇ | | |
| | ထမ်ဟင် | ၇ / ၈ | | |
| | **စုစုပေါင်း** | **၃၆ / ၈၅** | | |
| **အသက်မွေးဝမ်းကျောင်း လုံခြုံမှု** | စခန်း-၁ | ၂ / ၂ | ၁၅% | ၄ |
| *(ဤအချက်တွင် ဆက်လက်၍ အခွန်ကောက်ခံနေခြင်း၊ အဓမ္မ လုပ်အားခိုင်းစေနေခြင်းများ ပါဝင်သည်-- အုန်းဖျံစခန်း)* | စခန်း-၂ | ၇ / ၁၃ | | |
| | မဲလအုန်း | ၆ / ၁၂ | | |
| | မဲရမတ်လောင် | * ၅ / ၉ | | |
| ** မဲရမတ်လောင်စခန်းတွင် မြေပိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်း မလုံခြုံမှု ပြဿနာများဖော်ပြကြသူ ဖြေကြားသူများက တွဲစပ်နေသည့် အခက်အခဲတစ်ခုအဖြစ် ဖော်ပြကြသည်။ သို့အတွက်ကြောင့် အမှတ်ကို အခက်အခဲ ၂-ခုအကြား ညီမျှစွာ ခွဲခြားပါသည်။* | မဲလ | ၆ / ၉ | | |
| | အုန်းဖျံ | ၇ / ၁၁ | | |
| | နိုဖိုး | ၂ / ၁၄ | | |
| | ဘန့်တုံယန်း | ၀ / ၇ | | |

| | | | | |
|---|---|---|---|---|
| | ထမ်ဟင် | ၀ / ၈ | | |
| | **စုစုပေါင်း** | **၃၅ / ၈၅** | | |
| **မြေမြှုပ်မိုင်းများ ရှိနေခြင်း** | စခန်း-၁ | ၁ / ၂ | **၁၃%** | **၅** |
| | စခန်း-၂ | ၉ / ၁၃ | | |
| | မဲလအုန်း | ၈ / ၁၂ | | |
| | မဲရမတ်လောင် | ၆ / ၉ | | |
| | မဲလ | ၀ / ၉ | | |
| | အုန်းဖျံ | ၁ / ၁၁ | | |
| | နိုဖိုး | ၃ / ၁၄ | | |
| | ဘန့်တုံယန်း | ၂ / ၇ | | |
| | ထမ်ဟင် | ၁ / ၈ | | |
| | **စုစုပေါင်း** | **၃၁ / ၈၅** | | |
| **မူးယစ်ဆေးဝါး ထူပြောခြင်း** | စခန်း-၁ | ၀ / ၂ | **၄%** | **၆** |
| | စခန်း-၂ | ၂ / ၁၃ | | |
| | မဲလအုန်း | ၀ / ၁၂ | | |
| | မဲရမတ်လောင် | ၀ / ၉ | | |
| | မဲလ | ၀ / ၉ | | |
| | အုန်းဖျံ | ၅ / ၁၁ | | |
| | နိုဖိုး | ၂ / ၁၄ | | |
| | ဘန့်တုံယန်း | ၀ / ၇ | | |
| | ထမ်ဟင် | ၀ / ၉ | | |
| | **စုစုပေါင်း** | **၉ / ၈၅** | | |
| **သယံဇာတ အကြီးအကျယ် ထုတ်ယူမှု နှင့် စီးပွားဖြစ် သီးနှံ စိုက်ပျိုးမှု တို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း** | စခန်း-၁ | ၀ /၂ | **၂%** | **၇** |
| | စခန်း-၂ | ၁ / ၁၃ | | |
| | မဲလအုန်း | ၄ / ၁၂ | | |
| | မဲရမတ်လောင် | ၀ / ၉ | | |
| | မဲလ | ၀ / ၉ | | |
| | အုန်းဖျံ | ၀ / ၁၁ | | |
| | နိုဖိုး | ၀ / ၁၄ | | |
| | ဘန့်တုံယန်း | ၀ / ၇ | | |
| | ထမ်ဟင် | ၀ / ၈ | | |
| | **စုစုပေါင်း** | **၅ / ၈၅** | | |
| | **စုစုပေါင်း** | **၂၃၉ / ၈၅** | **၁၀၀%** | **၁၀၀%** |

**ဖော်ပြချက်**

- (အနီ) အိမ်ပြန်ရန် အလွန်အခက်အခဲရှိသည်ဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၅၀-၁၀၀% ၏ ဦးစာပေး)
- (လိမ္မော်) အိမ်ပြန်ရန် သိသာသည့်အခက်အခဲရှိသည်ဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၂၅-၄၉% ၏ ဦးစာပေး)
- (အဝါ) အိမ်ပြန်ရန် အခက်အခဲသိပ်မရှိဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၁-၂၄% ၏ ဦးစာပေး)

# စခန်းအလိုက်- ရေရှည်တည်တံ့သည့်အိမ်ပြန်မှုအတွက် အရေးကြီးသည့် အခက်အခဲများ

*မှတ်ချက်။ * ဦးစားပေး အခက်အခဲများကို နယ်စပ်တစ်ခုလုံး ပြင်းထန်ဆိုးရွားမှုအရ ဘယ်မှညာသို့ စီစဉ်ထားသည်။*

| Self-Identified Obstacle / စခန်း | လက်နက်ကိုင်အဖွဲ့များ ရှိနေခြင်း/ အပစ်ရပ်စဲရေး သေချာမှု | သက်မွေးဝမ်းကျောင်း လုံခြုံမှု | မြေပိုင်ဆိုင်မှု/ မြေပြန်ရယူနိုင်ခြင်း | မြေမြှုပ်မိုင်းများ ရှိနေခြင်း | ကျန်းမာ- ပညာ ဝန်ဆောင်မှုများ | မူးယစ်ဆေးဝါး ထုပြောခြင်း | သဘာဝ ဝန်းကျင် ပျက်စီးခြင်း |
|---|---|---|---|---|---|---|---|
| စခန်း-၁ | ၁၀၀% | ၁၀၀% | ၅၀% | ၅၀% | ၀ % | ၀ % | ၀ % |
| စခန်း-၂ | ၁၀၀% | ၅၄% | ၃၈% | ၆၉% | ၁၅% | 1၁၅% | ၈% |
| မဲလအုန်း | ၁၀၀% | ၅၀% | ၃၃% | ၆၇% | ၁၇% | ၀ % | ၃၃% |
| မဲရမတ်လောင် | ၇၈% | ၅၆% | ၅၆% | ၆၇% | ၄၄% | ၀ % | ၀ % |
| မဲလ | ၁၀၀% | ၆၇% | ၃၃% | ၀ % | ၀ % | ၀ % | ၀ % |
| အုန်းဖျံ | ၆၄% | ၆၄% | ၆၄% | ၉% | ၅၅% | ၄၅% | ၀ % |
| နိုဖိုး | ၉၃% | ၁၄% | ၇၁% | ၂၁% | ၈၆% | ၁၄% | ၀ % |
| ဘန့်တုံယန်း | ၁၀၀% | ၀ % | ၂၉% | ၂၉% | ၄၃% | ၀ % | ၀ % |
| ထမ်ဟင် | ၂၀၀% | ၀ % | ၀ % | ၁၃% | ၈၈% | ၀ % | ၀ % |

**ဖော်ပြချက်**

- [Red] အိမ်ပြန်ရန် အလွန်အခက်အခဲရှိသည်ဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၅၀-၁၀၀% ၏ ဦးစားပေး)
- [Orange] အိမ်ပြန်ရန် သိသာသည့်အခက်အခဲရှိသည်ဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၂၅-၄၉% ၏ ဦးစားပေး)
- [Yellow] အိမ်ပြန်ရန် သိပ်အခက်အခဲမရှိဟု ထင်မြင်ယူဆနေမှု (ဖြေကြားသူ ၁-၂၄% ၏ ဦးစားပေး)
- [Green] အိမ်ပြန်ရန် အခက်အခဲရှိသည်ဟု မထင်မြင်မယူဆမှု (ဖြေကြားသူများ၏ ၀%)

*မှတ်ချက်။ ။ အများစုသော ပါဝင်ဖြေကြားသူများက အကျဉ်းချုပ်ထားသည့် ပြဿနာ (အခြားကိစ္စများ ကျန်ရှိနေသော်လည်း အပြည့်အဝ ဆွေးနွေးနိုင်ခြင်းမရှိ) များမှာ ရေရှည်တည်တံ့သည့် အိမ်ပြန်နိုင်ရေးအတွက် အရေးကြီးသည့် အဟန့်အတားများဟု ယူဆကြသည်။ ယင်းတို့တွင် (ပျော့ပြောင်း) "mild" နှင့် ဦးစားပေး မခွဲခြားရသေး "non-prioritised" သည့် အခက်အခဲများ အထက်တွင်ဖော်ပြထားသော်လည်း၊ ယင်းတို့ကို အရေးမကြီးဟု ယူဆခြင်း မဟုတ်ပါ။ ယခုရလာဒ်မှာ ဦးစားပေး အစီအစဉ်သတ်မှတ်ခြင်း အပေါ်တွင်သာ မူတည်ပြီး၊ မူလကတည်းက ဖြေကြားသူများက အိမ်ပြန်နိုင်ရေး အဓိက အဟန့်အတားများဟု ဖော်ပြထားသည့် အချက်များ ဖြစ်သည်။*

## အကြောင်းအရာအလိုက်- အရေးကြီးသည့် အခက်အခဲများနှင့် ပတ်သက်၍ သုံးသပ်ချက်

*မှတ်ချက်။ * အခက်အခဲများကို နယ်စပ်တစ်လျှောက်လုံး ပြင်းထန်မှု အတိုင်းအဆအရ စီစဉ်ထားပါသည်။*

### လက်နက်ကိုင်အဖွဲ့များ ရှိနေမှု/ အပစ်ရပ်စဲရေး သေချာရေရာမှု

နယ်စပ်တစ်လျှောက်လုံးတွင် စခန်းတစ်ခုချင်းစီ၌ ယခုပြဿနာကို ရေရှည်တည်တံ့သည့် အိမ်ပြန်နိုင်ရေးအတွက် အရေးအကြီးဆုံး အခက်အခဲအဖြစ် ထင်မြင်ယူဆကြသည်။ နိုဖိုး၊ မဲရမတ်လောင် (မဲရာမူ) နှင့် အုန်းဖျံရှိ အချို့သော ပါဝင်ဖြေကြားသူများက အဟန့်အတားတစ်ခုအဖြစ် ဦးစားပေး မဖော်ပြကြပါ။ ပို၍အရေးကြီးသော အကြောင်းအချက်များ ရှိနေခြင်းကြောင့် ဖြစ်နိုင်သည်။ သို့မဟုတ် ယင်းစခန်းများသည် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်ဖက်ခြမ်း နယ်စပ်တွင် တည်ရှိနေသောကြောင့်လည်း ဖြစ်နိုင်သည်။ ထိုအခါ အစိုးရက ဦးဆောင်စီစဉ်ခြင်း မဟုတ်သည့်၊ အခြားရွေးချယ်စရာ အိမ်ပြန်မှုနည်းလမ်းမျိုး ဖြစ်နိုင်သည်။ သူတို့၏ ဒေသခံခေါင်းဆောင်များကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မြန်မာအစိုးရ အုပ်ချုပ်ရေးနှင့် တပ်မတော်၏ ထိန်းချုပ်မှုကို ညှိနှိုင်းအလျှော့ပေးခြင်းမရှိဘဲ ကြံ့ကြံ့ခံ ရပ်တည်နေကြသည်။ မည်သို့ပင်ဆိုစေကာမူ၊ ဤအကြောင်းအချက်ကို ရေရှည်တည်တံ့သည့် အိမ်ပြန်ရေးအတွက် အရေးအကြီးဆုံးဟု မြင်ထားသည့် အခက်အခဲဟု ယူဆရမည် ဖြစ်သည်။

### မြေပိုင်ခွင့်/ မြေယာပြန်လည်ရယူနိုင်မှု

မြေပိုင်ခွင့်/ မြေယာပြန်လည်ရယူနိုင်မှုကို ထမ်ဟင်းစခန်းမှအပ၊ ကျန်စခန်းများတွင် သိသာထင်ရှားသည့် အထူးဦးစားပေးအဖြစ် မှတ်ယူကြသည်။ "လက်နက်ကိုင် တပ်များရှိနေခြင်း/ အပစ်ရပ်စဲရေး မသေချာခြင်း" စသည့် အခက်အခဲကို ဆွေးနွေးပွဲများတွင် အကြောင်းအချက် နှစ်ရပ်အဖြစ် ဖော်ပြကြသည်။ ထမ်ဟင်းစခန်းတွင်မူ ယခုဦးစားပေးကိစ္စသည် သိသာထင်ရှားသည့်၊ သြဇာသက်ရောက်မှုရှိသော အခြား အကြောင်းအချက်လည်း ဖြစ်နိုင်သည်။

### ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ

အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေးနှင့် မြေမြုပ်မိုင်း ထုပြောမှုပြဿနာများနှင့် နှိုင်းယှဉ်လျှင်၊ လူမှုဖူလုံရေး ဝန်ဆောင်မှု များ ရရှိနိုင်ရေးပြဿနာသည် တောင်ပိုင်းစခန်းများတွင် ရေရှည်တည်တံ့သည့် အိမ်ပြန်ရေးအတွက် ကြီးလေးသည့်၊ သိသာထင်ရှားသည့် အခက်အခဲဟု ထင်မြင်ကြသည်။ ချွင်းချက်တစ်ခုမှာ မဲရမတ်လောင်စခန်းဖြစ်ပြီး၊ ယင်းစခန်း တွင်မူ မာနယ်ပလော (၁၉၉၅ ခုနှစ်များအတွင်း ပြောင်းရွှေ့ထွက်ပြေးရမှုများ မတိုင်မီတွင်၊ စစ်ရေးနှင့် နိုင်ငံရေး ခုခံမှု အတွက် ဌာနချုပ်-ဗဟိုချက်မ ဖြစ်ခဲ့သည်) တည်ရှိနေစဉ်ကာလကပင်၊ လူမှုဖူလုံရေး ဝန်ဆောင်မှုများ ပံ့ပိုးပေးရေးက အစဉ်သဖြင့် အခရာ ကျပါသည်။

### အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေး

ယခုအခက်အခဲနှင့် ပတ်သက်၍ ဦးစားပေးမှုတွင် သိသာထင်ရှားစွာ ကွဲလွဲနေကြသည်။ မြောက်ပိုင်းကျလေ စခန်းများတွင် ပို၍ ပြင်းထန်စွာ ရုန်းကန်ရလေဟု ယေဘုယျ ယူဆနိုင်သည်။ ယေဘုယျအားဖြင့် အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေးကိစ္စများတွင် တောင်ပိုင်းစခန်းများက အခြေခံအခွင့်အရေးများ ပိုမိုရရှိနိုင်ရေးကို ဖော်ပြကြသည်။ (ဥပမာ အားဖြင့်- မြေပိုင်ခွင့်၊ ကျန်းမာရေးနှင့် ပညာရေးဝန် ဆောင်မှုများ ဖြစ်သည်။) မတူကွဲပြားသည့် အခက်အခဲများ အပြန်အလှန် ချိတ်ဆက်နေပုံကို သတိပြုသင့်သည်။

### မြေမြုပ်မိုင်းများ ရှိနေမှု

မြောက်ပိုင်းစခန်း ၄ ခုရှိ ပါဝင်ဖြေကြားသူများ၏ ၅၀% က မြေမြုပ်မိုင်းများ ရှိနေခြင်းကို ဦးစားပေး ဖော်ပြကြသည်။ တောင်ပိုင်း ၅-ခုတွင် ၃၀% သော ဖြေကြားသူများကသာ အလားတူဖော်ပြသည်။ တောင်ပိုင်းစခန်းများက အခြေခံ

အခွင့်အရေးများ ရရှိရေး (ဥပမာ- မြေပိုင်ခွင့်၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ) ကိုသာ ပို၍ဦးစားပေး ဖော်ပြကြသည်။ ဤအခြေအနေမှာ မြောက်ပိုင်းစခန်းများတွင် လက်နက်ကိုင်တပ်ဖွဲ့များအကြား ပို၍ကွာဟမှုအခြေအနေကို ထင်ဟပ်ဖော်ပြနေပြီး၊ တောင်ပိုင်းတွင်မူ အထွေထွေသော လှုပ်ရှားသူများက အမျိုးမျိုးသော လှုပ်ရှားမှုများ ပြုမူဆောင်ရွက်နေကြ၍ ကွဲပြားနေသော အခြေအနေ ဖြစ်နိုင်သည်။

### မူးယစ်ဆေးဝါး ထုပြောမှု

အုန်းဖျံစခန်းတွင် ယင်းပြဿနာကို အဓိကဦးစားပေးအဖြစ် ဖော်ပြကြပါသည်။ အကြောင်းမှာ ယင်းစခန်းသည် မူးယစ်ဆေးထုတ်လုပ်သည်ဟု ကျော်စောနေသည့် ဒေသနှင့် နီးကပ်နေခြင်း၊ မူးယစ်ဆေး ဖောက်ကားရောင်းဝယ်မှုများနှင့် သက်ဆိုင်မှု ရှိနိုင်ပါသည်။

### အကြီးစား သယံဇာတထုတ် လုပ်ငန်းများနှင့် စီးပွားဖြစ်သီးနှံစိုက်ခင်းများကြောင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးရခြင်း

မဲလအုန်းစခန်းမှ ပါဝင်ဆွေးနွေးကြသူများသာလျှင် ယခုအခက်အခဲကို အိမ်ပြန်ရန် သိသာထင်ရှားသည့် အဟန့်အတားအဖြစ် ဖော်ပြခဲ့သည်။ ယင်းပါဝင်ဖြေကြားသူများမှာ ဖာပွန်သို့သာ သိသာသည့် အရေအတွက်ဖြင့် ပြန်ခဲ့ကြပြီး၊ ဤသို့စိုးရိမ်ပူပန်မှုမှာ ယင်းဒေသနေ ကျေးရွာလူထုများ၏ စိုးရိမ်ပူပန်မှုများကို ထင်ဟပ်ဖော်ပြမှုလည်း ရှိနိုင်သည်။ ယင်းဒေသတွင် သယံဇာတထုတ်ဖော်မှုများကြောင့် ဒေသခံပြည်သူများ၏ မြေပိုင်ခွင့်နှင့် သဘာဝ ဝန်းကျင်အခွင့်အရေးများကို ထိခိုက်နစ်နာစေကြောင်း သိရသည်။ သယံဇာတ ထုတ်လုပ်ရေးနှင့် စီးပွားဖြစ် စိုက်ခင်းများ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တောင်တန်းများပေါ်သို့ တိုးချဲ့လာမည့်ကိစ္စမှာ စောလွန်းပါသေးသည်။ သို့သော်လာမည့် လများ၊ နှစ်များတွင် ဤကိစ္စအတွက် ရေရှည်တည်တံ့သည့် အိမ်ပြန်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုမှာ ပို၍ကြီးထွားလာဖွယ် ရှိသည်။

## စခန်းအလိုက်- အရေးကြီးသည့် အခက်အခဲများနှင့် ပတ်သက်၍ သုံးသပ်ချက်

### ထမ်ဟင်းစခန်း

*မှတ်ချက် * "လက်နက်ကိုင် တပ်ဖွဲ့များရှိနေခြင်း/ အပစ်ရပ်စဲရေး သေချာမှု" ကို ယခုစခန်းတွင် အဟန့်အတား ၂ ခုအဖြစ် သီးခြားခွဲ၍ ဖော်ပြကြသည်။ ယင်းကိုပင်မ အခက်အခဲအဖြစ် ပြောဆိုသော်လည်း၊ ကျန်ပြဿနာများကို အနည်းငယ်သာ ပြောဆိုကြသည်။*

** ပါဝင်ဖြေကြားသူများ၏ လေးပုံသုံးပုံ (၆ ဦး) မှာ ထားဝယ်မြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ ကျန်သူများမှာ မြိတ်မြို့သို့ ပြန်ခဲ့ကြသည်။*

လူမှုဖူလုံရေး ဝန်ဆောင်မှုများ ရရှိနိုင်ရေးသည် ရေရှည်တည်တံ့သည့် အိမ်ပြန်မှုအတွက် ဒုတိယမြောက် လိုအပ်ချက်သာ ဖြစ်သည်။ အချို့က မြေမြုပ်မိုင်းများ ကျန်ရှိနေမှုအပေါ် စိုးရိမ်ပူပန်မှု ဖော်ပြကြသည်။ ဒေသတွင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးစေရန် ဆောင်ရွက်နေမှုများ သိသာထင်ရှားစွာ ရှိနေသော်လည်း၊ မြေပိုင်ဆိုင်ခွင့်/ မြေပြန်လည်ရယူပိုင်ခွင့်နှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုတို့နှင့် ပတ်သက်၍ စိုးရိမ်မှု တစ်စုံတစ်ရာ ဖော်ပြပြောဆိုကြခြင်း မရှိပါ။ သူတို့ပြန်သွားကြသည့် နေရာမှာ ပို၍ဝေးလံခေါင်သီသော ကျေးလက်ဒေသ ဖြစ်နေသောကြောင့်လည်း ဖြစ်နိုင်သည်။ ယင်းဒေသများသို့ ရေရှည်ပြန်ရန် ဦးစားပေးအခက်အခဲများ ရှိနေသည်ဟုလည်း ခံစားထင်မြင်ကြပုံ မရပါ။

### ဘန့်တုံယန်းစခန်း

*မှတ်ချက် * ပါဝင်ဖြေကြားသူများ၏ ၄၀% (၃ ဦး) မှာ မြိတ်မြို့သို့ ပြန်ခဲ့သည်။ ကျန် ၃၀% မှာ ထားဝယ်သို့ ပြန်ခဲ့ပြီး၊ ၁၅% မှာ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်များသို့ ပြန်ခဲ့ကြသည်။*

အိမ်ပြန်ရန်အတွက် အရေးကြီးသည့် ဦးစားပေးအခက်အခဲအဖြစ် ဆက်၍ဖြစ်ပေါ်နေသည့် စစ်တပ်များတိုးချဲ့ချထားနေမှုအပြင်၊ လူမှုရေး ဝန်ဆောင်မှုများ ရရှိနိုင်မှု၊ မြေမြုပ်မိုင်းများ ရှိနေခြင်း၊ မြေပိုင်ဆိုင်ခွင့် ပြဿနာများကို ရေရှည်တည်တံ့သည့် အိမ်ပြန်နိုင်ရေးအတွက်၊ ဦးစားပေးအခက်အခဲများအဖြစ် ဖော်ပြကြပါသည်။ ထမ်ဟင်းစခန်းမှ အိမ်သို့ပြန်ကြသူများနှင့် နေရာများစွာ ပြန်ကြရာ တူညီသော်လည်း၊ မတူကွဲပြားသည့် ဦးစားပေး ပြဿနာများကို တွေ့ရသည်။ မြေပိုင်ဆိုင်ခွင့်နှင့် မြေမြုပ်မိုင်းပြဿနာများကို အိမ်ပြန်ရန် အခက်အခဲများအဖြစ် ဖော်ပြပြီး၊ အိမ်ပြန်သွားကြသူများ၏ ၃၀% မှာ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်များသို့ ပြန်သွားခဲ့ကြသည်။ ထမ်ဟင်းစခန်းနှင့်အလားတူပင်၊

အသက်မွေး ဝမ်းကျောင်း လုံခြုံမှု၊ မူးယစ်ဆေးဝါး ထုပြောနေမှု၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးခြင်း.. စသည့်ကိစ္စများကို ပါဝင်ဖြေ ဆိုကြသူများက ဦးစားပေးပြဿနာများအဖြစ် စဉ်းစားဖော်ပြကြခြင်း မရှိပါ။

**နီဖိုးစခန်း**

*မှတ်ချက် * ပါဝင်ဖြေကြားသူများ၏ ၆၀% (၈ ဦး) ကြာအင်းဆိပ်ကြီးမြို့နယ်သို့ ပြန်ခဲ့ပြီး၊ ကျန် ၂၀% မှာ ကော့ကရိတ်သို့ ပြန်ခဲ့သည်။ ၁၅% ခန့်မှာ မြဝတီသို့၊ ၇% မှာ ဖာပွန်သို့ ပြန်ခဲ့ကြသည်။*

ပြန်မည့် နေရာများတွင် ဆက်လက်၍ စစ်တပ်များတိုးချဲ့ ချထားနေခြင်းနှင့်၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ရရှိနိုင်မှု၊ မြေပိုင်ဆိုင်ခွင့်တို့အပေါ် အိမ်ပြန်နိုင်ရေးအတွက် ကြီးလေးသော အခက်အခဲများအဖြစ် ဖော်ပြကြသည်။ နီဖိုးစခန်းမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုံခြုံမှုအပေါ် "တော်သင့်သော အခက်အခဲမျှသာ" ဟု ဖော်ပြဖြေဆိုသည့် တစ်ခုတည်းသော စခန်းလည်း ဖြစ်သည်။ (မြောက်ပိုင်းဒေသရှိ ကျန်စခန်းများအားလုံးက ကြီးမားဆိုးရွားသည့် အခက်အခဲဟု ဤကိစ္စအပေါ် ဖြေဆိုခဲ့ကြပြီး၊ တောင်ပိုင်းရှိ စခန်းများကမူ ဦးစားပေးပြဿနာဟု လုံးဝထင်မြင်ယူဆခြင်း မရှိကြပါ။) တစ်ဖြည်းဖြည်း ကြီးထွားလာသည့် မူးယစ်ဆေးဝါးပြဿနာကို ဦးစားပေးအခက်အခဲအဖြစ် ဖော်ပြကြသည်ကိုလည်း မိမိတို့ လေ့လာတွေ့ရှိခဲ့ရသည်။

**အုန်းဖျံမိုင်စခန်း**

*မှတ်ချက် * ပါဝင်ဖြေကြားသူများ၏ ၆၄၀% (၄ ဦး) မှာ မြဝတီမြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ ကျန် ၃၀% မှာ ကော့ကရိတ်သို့၊ ၁၀% မှာ ဖားအံနှင့် သထုံမြို့နယ်များသို့ အသီးသီး ပြန်ခဲ့ကြသည်။ ၁-ဦးက ပုသိမ်သို့ ပြန်ခဲ့သည်။*

စခန်းများအားလုံးတွင်၊ အုန်းဖျံမိုင်စခန်းက လက်နက်ကိုင်တပ်ဖွဲ့များ ရှိနေခြင်း၊ အပစ်ခတ်ရပ်စဲရေး မသေချာမှုအပေါ် အိမ်ပြန်နိုင်ရေး ဦးစားပေးပြဿနာဟု အနည်းဆုံးဖော်ပြခဲ့သည့် စခန်းဖြစ်သည်။ သို့သော်လည်း အခက်အခဲတစ်ခုအဖြစ်တော့ ယူဆကြပါသေးသည်။ သို့အတွက်ကြောင့် အသက်မွေးဝမ်းကျောင်းကိစ္စအပေါ် လုံခြုံမှု၊ မြေပိုင်ဆိုင်ခွင့်တို့နှင့် ဆက်စပ်၍ အလားတူ အရေးကြီးကြောင်း အမှတ်ပေးဖြေဆိုခဲ့ကြသည်။ လူမှုဖူလုံရေး ဝန်ဆောင်မှုများ ရှိမနေမှုအပေါ် ကြီးလေးသော အခက်အခဲဟု ဖော်ပြကြသည်။ အခြားစခန်းများနှင့် ဆန့်ကျင်၍ အုန်းဖျံမိုင်စခန်းက မူးယစ်ဆေးဝါးပေါ်များနေမှု ပြဿနာကို အကြီးမားဆုံး အိမ်ပြန်ရန် အခက်အခဲဟု ဖော်ပြခဲ့ကြသည်။ မြေမြှုပ်မိုင်းများ ထုပြောမှုအပေါ် အိမ်ပြန်ရန်ပြဿနာအဖြစ် အဆင့်အတန်းကိုမူ နိမ့်စွာ ဖော်ပြခဲ့ကြသည်မှာ တစ်စုံတစ်ရာ အံ့သြဖွယ်ပင် ဖြစ်သည်။

**မဲလစခန်း**

*မှတ်ချက် * မဲလစခန်းမှ ယာယီပြန်ခဲ့ကြသူတို့၏ ဦးတည်ရာမှာ စခန်းများအားလုံးအနက် ကွဲပြားမှု အရှိဆုံး ဖြစ်ပါသည်။ သို့အတွက်ကြောင့် ဦးစားပေးပြဿနာများနှင့် သီးသန့်နေရာများ ဆက်စပ်ပတ်သက်ပုံ တွက်ချက်ရာ၌ ပို၍ ဝေဝါးလှပါသည်။*

** ပါဝင်ဖြေကြားသူတို့၏ ၂၂% (၂ ဦး) မှာ လှိုင်းဘွဲ့မြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ ၁၁% စီမှာ ဘီးလင်းမြို့နယ်၊ ကြာအင်းဆိပ်ကြီး၊ ကျောက်ကြီး၊ မြဝတီ၊ ဖားအံ၊ သထုံနှင့် သံတောင်မြို့နယ်များသို့ ပြန်ခဲ့ကြပါသည်။*

အိမ်ပြန်မည့်နေရာများတွင် ဆက်လက်၍ စစ်တပ်အင်အားတိုးချဲ့ ချထားမှုများအပေါ် အဓိကလွှမ်းမိုးနေသည့်၊ ဦးစားပေး အခက်အခဲဟု ဖော်ပြကြသည့်အပြင်၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် လုံခြုံမှုကင်းမဲ့နေမှုအပေါ်တွင်လည်း ကြီးလေးသော အဟန့်အတားဟု ယူဆကြပါသည်။ အခြားဦးစားပေး အဟန့်အတားတစ်ခုအဖြစ် ဖော်ပြကြသည်မှာ မြေပိုင်ခွင့်ကိစ္စ ဖြစ်ပါသည်။ အုန်းဖျံမိုင်စခန်းတွင် ဖြေဆိုမှုများနှင့် ထင်ဟပ်ကြည့်ပါက၊ မြေမြှုပ်မိုင်းများရှိနေသည့် ပြဿနာကို ဦးစားပေးအခက်အခဲအဖြစ် မရွေးချယ်ကြသည်မှာ အံ့အားသင့်ဖွယ်ပင် ဖြစ်ပါသည်။ စခန်းနှင့်တစ်ဖက်ကမ်းနယ်မြေတွင် မြေမြှုပ်မိုင်းများ တည်ရှိနေမှုအနေအထားအပေါ်ကြည့်၍ ဖြေဆိုသည်ဟု ယူဆနိုင်ပါသည်။ သို့မဟုတ် ယာယီအိမ်ပြန်သွားကြသူများသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ အတွင်းပိုင်းကျကျသို့ ပြန်သွားကြသည့် အတွက်လည်း ဖြစ်နိုင်ပါသည်။ ပါဝင်ဖြေကြားသူတစ်ဦးက မှတ်ချက်ပေးရာတွင်၊ "မြေမြှုပ်မိုင်းပြဿနာက နယ်စပ်ဒေသနဲ့ ပိုနီးတဲ့နေရာတွေမှာတော့ အဓိကပြဿနာပါပဲ" ဟု ဆိုခဲ့သည်။ မျှော်လင့်မထားသည့် အခြားကိစ္စတစ်ခုမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတစ်ဝှမ်း နယ်စပ်စခန်းများတွင် မူးယစ်ဆေးဝါး ပေါ်များထုပြောသော်လည်း၊ မူးယစ်ဆေးထုပြောမှု ပြဿနာကို ဦးစားပေးအခက်အခဲတစ်ခုအဖြစ် မရွေးချယ်ခဲ့ခြင်းပင် ဖြစ်သည်။

**မဲရမတ်လောင် (မဲရော်မူ) စခန်း**

*မှတ်ချက် * ပါဝင်ဖြေကြားသူများ၏ သုံးပုံနှစ်ပုံ (၆ ဦး) မှာ သံတောင်မြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ ကျန်သူများမှာ ကျောက်ကြီးမြို့နယ် သို့ အိမ်ပြန်ခဲ့ကြသည်။*

မဲရမတ်လောင်စခန်းမှ ပါဝင်ဖြေကြားသူများက အခြေခံလူ့အခွင့်အရေးကိစ္စများကို အိမ်ပြန်ရန် အကြီးမားဆုံး အခက်အခဲအဖြစ် သတ်မှတ်ဖော်ပြခဲ့ကြပြီး၊ ယင်းနှင့်အတူ စစ်တပ်များတိုးချဲ့ ချထားလာခြင်း၊ မြေမြှုပ်မိုင်းများ ထုပြောခြင်းတို့

အပြင်၊ မြေပိုင်ဆိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်းမှု လုံခြုံရေးတို့အပေါ် ကြီးမားစွာ စိုးရိမ်ပူပန်မှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ ယင်းတို့နောက်မှ လူမှုရေးဝန်ဆောင်မှုများ ရရှိရန်လိုအပ်မှုကိုလည်း လိုက်၍ ဖော်ပြကြသည်။ အလားတူ မူးယစ်ဆေးဝါး ပေါများခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်းများအပေါ်တွင်လည်း အိမ်ပြန်ရေး ဦးစားပေးအခက်အခဲများအဖြစ် ဖော်ပြခဲ့ကြသည်။

**မဲလအုန်းစခန်း**

*မှတ်ချက် * ပါဝင်ဖြေကြားသူများ၏ လေးပုံသုံးပုံ (၉ ဦး) မှာ ဖာပွန်မြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ လူတစ်ဦးချင်းစီသည် ကျောက်ကြီး၊ ဖားဆောင်းနှင့် သံတောင်မြို့နယ်များသို့ ပြန်ခဲ့ကြသည်။*

မဲရမတ်လောင်စခန်းနှင့် အလားတူ၊ မဲလအုန်းစခန်းမှ ပါဝင်ဖြေဆိုသူများက အိမ်ပြန်ရေးအတွက် ပြင်းထန်ကြီးလေးသည့် ပြဿနာအဖြစ် သတ်မှတ်ဖော်ပြကြရာတွင်၊ အခြေခံလူ့အခွင့်အရေး ကိစ္စများကို ဦးစားပေးဖော်ပြကြသည်။ သို့သော်လည်း မြေပိုင်ခွင့်ပြဿနာကိုမူ ကြီးလေးသည့်ပြဿနာဟု မယူဆသော်လည်း၊ အရေးပါသည်ဟု သုံးသပ်ကြသည်။ ယင်းကို သဘာဝပတ်ဝန်းကျင် ပျက်စီးလာမှုနှင့် တန်းတူအမှတ်ပေးထားပါသည်။ နယ်စပ်ဒေသရှိ ဤသို့အမှတ်ပေးဖော်ပြသည့် တစ်ခုတည်းသော စခန်းဖြစ်ပါသည်။ (ကျန်စခန်းမှာ စခန်း-၂ ဖြစ်၍ ယင်းပြဿနာကို ဦးစားပေးအဖြစ် မသတ်မှတ်ဘဲ၊ တန်ရုံ ဦးစားပေးအဖြစ်သာ ဖော်ပြထားခဲ့သည်။) အခြေခံလူမှုရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုကိုလည်း အမှတ်နိမ့်ပေးထားကာ၊ တန်ရုံ အခက်အခဲအဖြစ်မျှသာ ဖော်ပြထားသည်။ ဤတစ်ကြိမ်တွင်လည်း ရေရှည်တည်တံ့သည့် အိမ်ပြန်မှုအတွက် မူးယစ်ဆေးဝါးပြဿနာကို ဦးစားပေးအခက်အခဲတစ်ခုအဖြစ် မယူဆကြောင်း တွေ့ရှိရပါသည်။

**စခန်း -၂ (Site 2)**

*မှတ်ချက် * ပါဝင်ဖြေဆိုသူများ ၁၃ ဦးအနက် ၅ ဦးကသာ သူတို့သွားရောက်ရာ နေရာ အသေးစိတ်ကို ဖော်ပြကြသည်။ အကြောင်းမှာ သီးသန့်အုပ်စုလိုက် ဆွေးနွေးပွဲ (FGD) သို့ နောက်ကျမှ ရောက်ရှိလာသောကြောင့် ဖြစ်သည်။*

** ပါဝင်ဖြေကြားသူများ၏ ၆၀% (၃ ဦး) မှာ ဖားဆောင်းမြို့နယ်သို့ ပြန်ခဲ့ကြပြီး၊ လူတစ်ဦးချင်းစီက ဒီမောဆိုး၊ သံတောင်မြို့နယ်များသို့ ပြန်ခဲ့ကြသည်။*

မဲလအုန်း (နှင့် မဲရမတ်လောင်) စခန်းတို့နှင့်အလားတူ၊ စခန်း-၂ ရှိ ပါဝင်ဖြေဆိုသူများက အိမ်ပြန်ရန် အခက်အခဲကြီးကြီးမားမားအဖြစ် အဓိက အခြေခံလူ့အခွင့်အရေးကိစ္စများကို သတ်မှတ်ဖော်ပြခဲ့ကြသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအပေါ် သင့်ရုံအခက်အခဲမျှသာ စဉ်းစားဖော်ပြကြသည်။ ထို့အပြင် မူးယစ်ဆေးဝါး ထုပြောမှုပြဿနာကို တန်းတူဦးစားပေး အခက်အခဲအဖြစ် ဖော်ပြကြသည်။

**စခန်း -၁ (Site 1)**

*မှတ်ချက် * ပါဝင်ဖြေကြားသူ ၂-ဦးသာ သီးသန့်တွေ့ဆုံမေးမြန်းမှု (FGD) သို့ တက်ရောက်လာကြသည်။ ယင်းတို့နှစ်ဦးမှာ ကရင်နီပြည်နယ်ရှိ မြို့နယ်အားလုံးသို့ ကာလတစ်စုံတစ်ရာကြာ ခရီးသွားခဲ့ကြပြီး၊ အလုပ်တာဝန်ဖြင့် သွားရောက်ခဲ့ကြခြင်း ဖြစ်သည်။*

ဤတစ်ကြိမ်တွင်လည်း ပါဝင်ဖြေကြားသူ ၂-ဦးက အခြေခံလူ့အခွင့်အရေး လိုအပ်ချက်အပေါ် ရေရှည်တည်တံ့သည့် အိမ်ပြန်ရေးအတွက် ပင်မပြဿနာဟု ထင်မြင်ယူဆကြပြန်သည်။ အလားတူ စစ်တပ်များတိုးချဲ့ ချထားနေခြင်း၊ သက်မွေးဝမ်းကျောင်းမှု မလုံခြုံခြင်းတို့ကိုလည်း ရေရှည်အိမ်ပြန်ရေးတွင် လက်ရှိ အရေးကြီးသည့် အခက်အခဲများ ဟု ဖော်ပြကြသည်။ လက်ရှိဖြစ်ပွားနေသည့် မြေပိုင်ခွင့်ပြဿနာများနှင့် မြေမြုပ်မိုင်းထုပြောမှုကိုမူ ဒုတိယဦးစားပေး အခက်အခဲ အဖြစ်သာ ဖော်ပြကြသည်။ အလားတူပင် ကျန်အခက်အခဲများကို ဦးစားပေးပြဿနာအဖြစ် ဖော်ပြခြင်း မရှိပါ။ သူတို့၏ တာဝန်လုပ်ငန်းသဘောအရ လူနေထူထပ်သည့်မြို့များသို့ သွားရောက်ခဲ့ကြရသည့်အလျောက်၊ လူမှုဝန်ဆောင်မှုများ ရရှိနိုင်ရေး ပြဿနာ၊ မူးယစ်ဆေးဝါး ပေါများနေမှုတို့အပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်းတို့ကိုလည်း ဖော်ပြကြသည်။ ပို၍ဝေးလံခေါင်သီသည့် ဒေသများန ပြဿနာများကို သတိထားမိခြင်း မရှိကြပါ။ (စခန်း-၂ မှ ပြန်လာကြသူများက ဤပြဿနာများကို အတန်အသင့်ဟုသာ အကဲဖြတ်ကြပါသည်။)

## နိဂုံး

ယခုနှစ် မတ်လနှင့် ဧပြီလများတွင် ထိုင်း-မြန်မာနယ်စပ်ဒုက္ခသည်စခန်း ၉-ခုမှနေ၍ မြန်မာနိုင်ငံသို့ ယာယီပြန်သွားသည့် ဒုက္ခသည် ၈၅ ဦးနှင့် သေချာပစ်မှတ်ထား အုပ်စု အဖြစ်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ (ယင်းတို့အနက် သုံးပုံတစ်ပုံမှာ အမျိုးသမီးများ ဖြစ်သည်။) သူတို့ပြန်သွားသည့် ဒေသမှ အခြေအနေများကို မေးမြန်းတိုင်ပင်ခဲ့ပြီး၊ မကြာသေးမီကမှ မြန်မာ နိုင်ငံတွင် နိုင်ငံရေးနှင့် စစ်ရေးအရအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည့်အပေါ် ယင်းတို့နှင့် သူတို့ပြန်သွားသည့် ဒေသတွင် နေထိုင်ကြသူများထံမှ တွေ့မြင်ရသည့် အပြောင်းအလဲများအကြောင်းကိုလည်း မေးမြန်းခဲ့ပါသည်။ အခြားသူ ၁၀၀ ကျော် တွင် ရပ်ရွာအဖွဲ့အစည်း ခေါင်းဆောင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ဝန်ထမ်းများ ပါဝင်ကြပြီး၊ ယင်းလုပ်ငန်းစဉ် တွင် ပါဝင်ပတ်သက်နေကြသူများ ဖြစ်ပါသည်။ သို့သော်လည်း ယခုအစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြထားသည်မှာ မကြာ သေးမီကမှ နေရပ်ရင်းသို့ ယာယီ အိမ်ပြန်သွားကြသည့် သူတို့၏ အမြင်များအပေါ်တွင်သာ အဓိကထင်ဟပ်ဖော်ပြထားပါသည်။

ယခုပြန်သွားကြသူများ၏ ဦးတည်ရာမှာ အများအားဖြင့် ကျေးလက်တောင်ပေါ်ဒေသများ ဖြစ်ပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ (ရှမ်းပြည်နယ်မပါ) ရှိ ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှ မြို့နယ် ၁၈ ခုအပေါ် အနည်းဆုံး လွှမ်းခြုံမှုရှိပါသည်။ အများစုမှာ မိသားစုအကြောင်းကိစ္စဖြင့် ပြန်ကြပြီး၊ တစ်ရက်မှ ၉ လတိုင် ကြာမြင့်စွာ နေထိုင်ခဲ့ကြပါသည်။

သူတို့၏ သက်သေထွက်ဆို ဖော်ပြချက်များအရ၊ သူတို့ပြန်သွားကြသည့် နေရာများအပေါ် အမြင်ဖော်ပြချက်များအရ လက်တွေ့ကွင်းထဲတွင် မည်သို့ဖြစ်ပျက်နေသည်ကို သူတို့ကောင်းစွာ သဘောပေါက်နားလည်ကြပါသည်။ ရေရှည်တည်တံ့သည့် အိမ်ပြန်နိုင်ရေးအတွက် အရေးကြီးသည့် အကန့်အသတ်၊ အခက်အခဲများ ရှိနေသေးသည်မှာ အသေအချာပင် ဖြစ်ပါသည်။ အထူးသဖြင့် စစ်တပ်များစွာ ချထားသည့်ဆက်စပ်ဒေသများ ဖြစ်ပြီး၊ တရားဥပဒေစိုးမိုးရေး သေချာမလည်ပတ် အလုပ်မဖြစ် သေးသည့်အချိန်တွင် အခြေခံ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များလည်း ကောင်းစွာခံစားနိုင်ခြိမ့်မည် မဟုတ်ပါ။

ဆက်လက်၍ စစ်တပ်အင်အားတိုးချဲ့ချထားမှု နှင့် ပတ်သက်၍အလွန်အမင်း လုံခြုံမှုမရှိ ဖြစ်နေခြင်းသည်၊ လူတိုင်းအတွက်၊ ပြန်လည်သွားရောက်ကြသည့် နေရာတိုင်းအတွက် အဓိကစိုးရိမ်ပူပန်ဖွယ်အချက် ဖြစ်နေပါသည်။ ကျန်အခက်အခဲ အဟန့်အတားများ၏ သဘောသဘာဝနှင့် ရေချိန်အနိမ့်အမြင့်မှာ စခန်းများအလိုက်၊ ယာယီအိမ်ပြန်ကြသူများ ရောက်သွားကြသည့် နေရာများအလိုက် ကွဲပြားမှုများ ရှိနေပါသည်။ အသက်မွေးဝမ်းကျောင်းကိစ္စ လုံခြုံမှုနှင့် မြေပိုင် ဆိုင်မှု/ မြေယာပြန်လည် ရယူနိုင်ခြင်း အခက်အခဲတို့မှာ အထူးစိုးရိမ်ပူပန်ကြသည့် နောက်ထပ်ပြဿနာတစ်ခု ဖြစ်ပါ သည်။ (သို့သော် တောင်ဖက်ကျ သည့်စခန်း ၂-ခု၌ ပို၍လျော့နည်းသည်ကို တွေ့ရသည်။) မြေမြှုပ်မိုင်းများ ရှိနေခြင်း နှင့် ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှု များ ရရှိနိုင်ခြင်းတို့အပေါ်လည်း စိုးရိမ်ကြပါသည်။ (ပထမဖော်ပြသည့် ပြဿနာကို မြောက်ဖက်ပိုင်း စခန်းများတွင် အတွေ့ ရများပြီး၊ နောက်ဖော်ပြသည့်ပြဿနာကို တောင်ပိုင်းစခန်းများ တွင် ပိုမိုတွေ့ရသည်။)

စက်မှု/ လုပ်ငန်းကြီးများကြောင့် မူးယစ်ဆေးဝါး ထုပြောခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းတို့အပေါ်တွင် ပါဝင်ဖြေကြားသူများက စိုးရိမ်ပူပန်မှု အနည်းငယ်သာ ဖော်ပြကြပါသည်။ (အုန်းဖျံနှင့် မဲလအုန်းတို့မှာ ချွင်းချက်ဖြစ်သည်။) ဒေသတွင်းဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်၍ ထိခိုက်သက်ရောက်နိုင်မှုများအပေါ် မူတည်၍ဖြစ်သော စိုးရိမ်ပူပန်မှုများသည် ပို၍တိုးများလာဖွယ် ရှိနေပါသည်။ သို့အတွက်ကြောင့် အနာဂတ်ကာလများတွင် ပို၍လူအများ အာရုံ စိုက်လာကြမည် ဖြစ်သည်။ သို့သော်လည်း ရေရှည်တည်တံ့သည့် အိမ်ပြန်အခြေချရေးအတွက် ပင်မကျသည့် အခက်အခဲများ ဖြစ်စေမည်-မဖြစ်စေမည်ကိုမူ မေးခွန်းထုတ်စရာ ရှိနေပါသေးသည်။

နိုင်ငံတကာ စံချိန်စံညွှန်းများအပေါ် အခြေခံ၍ ရေရှည်တည်တံ့သည့် အိမ်ပြန်အခြေချရေးအတွက် အခွင့်အလမ်းများမှာလည်း အကောင်အထည် ရေရာမတွေ့ရသေးပါ။ ထင်ကြေးမျှသာ ရှိနေပါသေးသည်။ ဆိုလိုသည်မှာ ဒုက္ခသည်များ ရယူ ခံစားပိုင်ခွင့်ရှိသည့် အခြေခံလိုအပ်ချက်များ၊ လုံလောက်သည့်ဝန်ဆောင်ပေးမှုများမှာ ဦးစားပေးစဉ်းစားချက် အဖြစ် ဆက်၍ ရှိနေဦးမည် ဖြစ်ပါသည်။

## အကြံပြုချက်များ

**ဒုက္ခသည်ခေါင်းဆောင်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း (CBO) များသို့-**

၁။ "အိမ်ခဏ အလည်ပြန်၍ကြည့်ရှုကြသူ" စခန်းရှိ ဒုက္ခသည်များအတွက် မပြန်မီနှင့်၊ ပြန်ပြီးနောက် တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်စနစ်များ ပြင်ဆင်၊ အကောင်အထည်ဖော်သင့်ပါသည်။

၂။ မိမိအိမ်သည့် ဆန္ဒအလျောက်အိမ်ပြန်ကြသူများအတွက်၊ စခန်းမှထွက်ခွာသည့်အခါ တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ် စနစ်များ ပြင်ဆင်၊ အကောင်အထည်ဖော်သင့်ပါသည်။

၃။ ယင်းတွေ့ရှိချက်များကို သက်ဆိုင်သည့် ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ နှင့် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်း ဒုက္ခသည်များထံ ဝန်ဆောင်မှုပေးရေး ပူးပေါင်းဆောင်ရွက်မှု ကော်မီတီ (CCSDPT) အဖွဲ့များထံသို့ သိစေသင့်ပါသည်။ သို့မှသာ၊ ကုလသမဂ္ဂ-အဲန်ဂျီအိုများ-ဒုက္ခသည်များ ဦးဆောင်သည့် အိမ်ပြန်မှု အဆင်သင့်ဖြစ်နေစေရေး အစီအစဉ်များကို ပိုမိုအားဖြည့်ပေးနိုင်မည် ဖြစ်၍၊ တိုက်တွန်း စည်းရုံးမှုများအတွက်လည်း အသုံးတည့်စေပါလိမ့်မည်။

**ကုလသမဂ္ဂနှင့် CCSDPT အဖွဲ့အစည်းများသို့ -**

၁။ "အိမ်ခဏ အလည်ပြန်၍ကြည့်ရှုကြသူ" စခန်းရှိ ဒုက္ခသည်များ အတွက် မပြန်မီနှင့်၊ ပြန်ပြီးနောက် တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်စနစ်များ ပြင်ဆင်၊ အကောင်အထည်ဖော်နိုင်ရန် ရပ်ရွာခေါင်းဆောင်များနှင့် အဖွဲ့အစည်းများထံသို့ လိုအပ်သည့် နည်းပညာပိုင်း ပံ့ပိုးမှုများ ပေးသင့်ပါသည်။ အလားတူ စခန်းမှထွက်ခွာသည့်အခါ တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ် စနစ်များ ပြင်ဆင်၊ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးသင့်ပါသည်။

၂။ စခန်းရှိ မတူကွဲပြားသည့် အုပ်စုများနှင့် တိုင်ပင်အကြံရယူ၍ သူတို့၏သီးသန့် လိုလားချက်များ၊ ထင်မြင်နေသည့် အိမ်ပြန်ရန် အခက်အခဲများ၊ အခြားရွေးချယ်စရာ နည်းလမ်းများကို သိရှိအောင် ဆောင်ရွက်သင့်ပါသည်။

၃။ စခန်းတွင်း၊ ရပ်ရွာတွင်း တိုင်ပင်အကြံရယူခြင်း လုပ်ငန်းစဉ်များကို ပိုမိုပူးပေါင်းမှုရှိစေရန်၊ အားကောင်းစေရန် ဆောင်ရွက်၍ တွေ့ရှိချက်များကိုလည်း ဖလှယ်ဝေငှသင့်ပါသည်။

၄။ ယခု တိုင်ပင်အကြံရယူမှုမှ တွေ့ရှိချက်များကို အေဂျင်စီများ၊ ဒုက္ခသည်များ ဦးဆောင်သည့် အိမ်ပြန်မှု အဆင်သင့်ဖြစ်စေ ရေး အစီအစဉ်များထံသို့၊ တိုက်တွန်းစည်းရုံးသူများထံသို့ အဓိပ္ပါယ်ရှိစွာ အသုံးချနိုင်ရန် အသိပေးသင့်ပါသည်။ သို့မှသာ ကျန်ရှိနေဦးမည့် လူဦးရေများ၊ ပုံမှန်မဟုတ်သည့် ပြန်လည်ပေါင်းစည်းရေး ဆောင်ရွက်မှုများကို ကျယ်ပြန့်စွာ အလေးထား နိုင်မည် ဖြစ်ပါသည်။

၅။ တစ်ဖက်တွင် လုံခြုံဘေးကင်းစွာနှင့် ရေရှည်တည်တံ့သည့် အခြေချမှု မဖြစ်နိုင်သေးချိန်၊ ဂုဏ်သိက္ခာရှိစွာ အိမ်ပြန်နိုင်ရေး အခက်အခဲများရှိနေချိန်၌၊ ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များ၊ အရေးပါသည့် ဝန်ဆောင်ပေးမှုများ ဆက်လက်၍ ပြည့်စုံစွာ ရရှိနိုင်ရန်လည်း အပြင်းအထန် တိုက်တွန်းစည်းရုံးနေရမည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ ၁။ စခန်းအလိုက်- ဗီဒီယိုပြသပြီးသော မြို့နယ်များ ။

*မှတ်ချက်  * ယခုအစခန်းတွင် ယာယီအိမ်ပြန်ကြသူများနှင့် အခြားပရိသတ်များ (စခန်းကော်မီတီများ/ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် မူစလင်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ) ထံ ဗီဒီယိုပြသပေးမှုကို မှတ်တမ်းတင်ထားပါသည်။*

| စခန်း | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ပြသသည့် ကြိမ်ရေ |
|---|---|---|---|
| **စခန်း-၁** | *မပြသရသေး* | | ၀ |
| **စခန်း-၂** | ကရင်ပြည်နယ် | *၆ မြို့နယ်လုံး- ဗီဒီယိုပြသမှု မြို့နယ်အလိုက်ခွဲခြားခြင်း မရှိပါ* | ၁ |
| **မဲလအုန်း** | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး | ၁ |
| | ကရင်ပြည်နယ် | သံတောင် | ၂ |
| **မဲရမတ်လောင်** | ကရင်ပြည်နယ် | ဖာပွန် | ၁ |
| **မဲလ** | ကရင်ပြည်နယ် | ဖာပွန် | ၁ |
| **အုန်းဖျံ** | ကရင်ပြည်နယ် | မြဝတီ | ၁ |
| **နိုဖိုး** | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၁ |
| **ဘန်နတုံယန်း** | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၁ |
| | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| **ထမ်ဟင်** | ကရင်ပြည်နယ် | သံတောင် | ၁ |
| | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | | တနင်္သာရီ | ၁ |
| | | **စုစုပေါင်း** | **၁၃** |

## နောက်ဆက်တွဲ ၂။ ပြည်နယ်/မြို့နယ်အလိုက် ဗီဒီယိုပရိသတ်မှ တုံ့ပြန်ပြောကြားမှု

*မှတ်ချက်  * ယခုအစခန်းတွင် ယာယီအိမ်ပြန်ကြသူများနှင့် အခြားပရိသတ်များ (စခန်းကော်မီတီများ/ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် မူစလင်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ) ထံ ဗီဒီယိုပြသပေးမှုကို မှတ်တမ်းတင်ထားပါသည်။*

** ယေဘုယျအားဖြင့်၊ ယခုပြသသည့် ဗီဒီယိုသည် သူတို့၏ အလားတူပြဿနာများ၊ စိုးရိမ်ပူပန်မှုများကို ထင်ဟပ်ကြောင်း ပရိသတ်များက ဖော်ပြကြသည်။ အောက်ဖော်ပြပါမှတ်တမ်းတွင် ယေဘုယျတူညီချက်များ၊ ကွဲပြားတည်ရှိနေပုံကို ဖော်ပြ ထားသည်။*

| ပြည်နယ်/တိုင်း | ဗီဒီယို | တုံ့ပြန်မှု |
|---|---|---|
| ရှမ်းပြည်နယ် | --- | *မပြသရသေးပါ။* |
| ကရင်နီပြည်နယ် | *၆ မြို့နယ်လုံး- ဗီဒီယိုပြသမှု မြို့နယ် အလိုက်ခွဲခြားခြင်း မရှိပါ* | - မြို့နှင့် မြေပြန့်ဒေသများမှ အင်တာဗျူးများသာ ဖြစ်သည်။<br>- အပြုသဘောသာ အများက တုံ့ပြန်သည်။ ဒုက္ခသည်အများစုလာကြသည့် တောင်တန်းဒေသများကို ထင်ဟပ်မှု မရှိပါ။<br>- လမ်းဖောက်ခြင်း၊ လမ်းချဲ့ခြင်းကြောင့် အိမ်များဖျက်ခံရခြင်း၊ မြေများသိမ်းဆည်းခံရခြင်းများ မပြသပါ။ |
| ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး | အချို့တိုးတက်မှုများနှင့် မျှော်လင့်ချက်များ ရှိလာသည်။ |
| ကရင်ပြည်နယ် | ကော့ကရိတ် | *မပြသရသေးပါ။* |
| | ကြာအင်းဆိပ်ကြီး | *မှတ်ချက်မရှိပါ။* |
| | မြဝတီ | - စိုက်ပျိုးရန်မြေ မရှိခြင်းကိစ္စကို သိပ်အလေးထား မဖော်ပြကြပါ။ |
| | ဖာပွန် | - ဘူးသိုနှင့် ဒွဲလိုးဒေသများမှ တွေ့ဆုံမေးမြန်းချက်များ။ လူသော်တွင် အခြေအနေ ပို၍ဆိုးသည်။ |
| | သံတောင် | - ပြဿနာပေါင်းစုံ ပြည့်နှက်နေသည်။ ... "*ကုမ္ပဏီများ မရောက်လာကြသေးပေ။*" |
| မွန်ပြည်နယ် | ရေဖြူ | *မပြသရသေးပါ။* |
| | ရေး | *မပြသရသေးပါ။* |
| တနင်္သာရီတိုင်း ဒေသကြီး | ထားဝယ် | - မိမိတို့အမြင်များထက် ပို၍အကောင်းမြင်ကြသည်။<br>- မြေသိမ်းဆည်းခြင်းကို သိပ်အလေးအနက်ထား မဖော်ပြကြပါ။ |
| | တနင်္သာရီ | - မိမိတို့အမြင်များထက် ပို၍အကောင်းမြင်ကြသည်။ |

## နောက်ဆက်တွဲ ၃။ ဗီဒီယို ဖြန့်ဝေမှု

*မှတ်ချက် * သီးသန့် ရွေးချယ်ဆွေးနွေးမှုများ (FGDs) မတိုင်မီတွင်၊ ကွင်းဆင်းအဖွဲ့များက ဗီဒီယိုကို စခန်းတွင်းရှိ အမျိုးမျိုးသော အုပ်စုများထံသို့ ဖြန့်ဝေထားပြီး ဖြစ်ပါသည်။ အလားတူ၊ အောက်ဖော်ပြပါ သူများထံသို့လည်း ဖြန့်ဝေမှုကို ကနဦးဖြန့်ဝေထားမှုကို ပို၍ပြည့်စုံစေရန် ဆောင်ရွက်ခဲ့ပါသည်။ အချို့သောဖြစ်ရပ်များတွင် လစ်ဟာနေမှုများ မရှိစေရန်၊ ထပ်၍ဖြည့်ဆည်းခဲ့ကြရာ ထပ်နေသည်များ ရှိနိုင်သည်။ အထူးသဖြင့် စခန်းကော်မီတီများကလည်း ရပ်ကွက်များထံသို့ ထပ်၍ ဖြန့်ဝေပေးခဲ့ကြသည်။*

| နေရာ | လက်ခံသူ | ဗီဒီယို | | | |
|---|---|---|---|---|---|
| | | ရှမ်းပြည်နယ် | ကရင်နီ ပြည်နယ် | ကရင်ပြည်နယ် | မွန်ပြည်နယ်/ တနင်္သာရီတိုင်း ဒေသကြီး |
| **စခန်း-၁** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | ကရင်နီအမျိုးသမီးအစည်းအရုံး (KnWO) | ၁ | ၁ | ၁ | ၁ |
| **စခန်း-၂** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | ကရင်နီအမျိုးသမီးအစည်းအရုံး (KnWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်နီလူငယ်အစည်းအရုံး (KnYO) | ၁ | ၁ | ၁ | ၁ |
| **မဲလအုန်း** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | ကရင်ကျောင်းသားများ ကွန်ရက်အဖွဲ့ (KSNG) | ၁ | ၁ | ၁ | ၁ |
| | ကရင်အမျိုးသမီး အစည်းအရုံး (KWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်လူငယ် အစည်းအရုံး (KYO) | ၁ | ၁ | ၁ | ၁ |
| **မဲရမတ်လောင်** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | ကရင်ကျောင်းသားများ ကွန်ရက်အဖွဲ့ (KSNG) | ၁ | ၁ | ၁ | ၁ |
| | ကရင်အမျိုးသမီး အစည်းအရုံး (KWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်လူငယ် အစည်းအရုံး (KYO) | ၁ | ၁ | ၁ | ၁ |
| **မဲလ** | စခန်းကော်မီတီ | ၀ | ၀ | ၀ | ၀ |
| | ဇုန် A ကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | မူစလင် ရပ်မိရပ်ဖများ (ဘာသာရေးခေါင်းဆောင်များနှင့် MMSN) | ၁ | ၁ | ၁ | ၁ |
| | မူစလင်အမျိုးသမီးအစည်းအရုံး (MWO) | ၁ | ၁ | ၁ | ၁ |
| | မူစလင်လူငယ် အစည်းအရုံး (MYO) | ၁ | ၁ | ၁ | ၁ |
| **မဲဆောက်** | AVI | ၀ | ၀ | ၁ | ၀ |
| | COERR | ၀ | ၀ | ၁ | ၀ |
| | CPPCR | ၁ | ၁ | ၁ | ၁ |
| | FFW | ၁ | ၁ | ၁ | ၁ |
| | IRC-LAC | ၀ | ၀ | ၁ | ၀ |
| | MTC | ၁ | ၁ | ၁ | ၁ |
| | ကုလ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) | 0 | ၀ | ၁ | ၀ |
| **အုန်းဖျံ** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | မူစလင် ရပ်မိရပ်ဖများ (ဘာသာရေးနှင့် ရပ်ကွက်ခေါင်းဆောင်များ) | ၁ | ၁ | ၁ | ၁ |
| | CSC | ၁ | ၁ | ၁ | ၁ |
| | အရပ်ဖက်လူမှုအဖွဲ့များ (KSNG, KWO, KYO, MWA, MYA, SGBV) | ၂ | ၄ | ၆ | ၄ |
| **နိုဖိုး** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | KSNG | ၁ | ၁ | ၁ | ၁ |
| | ကရင်အမျိုးသမီး အစည်းအရုံး (KWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်လူငယ် အစည်းအရုံး (KYO) | ၁ | ၁ | ၁ | ၁ |
| | မူစလင် ရပ်မိရပ်ဖ ခေါင်းဆောင်များ | ၁ | ၁ | ၁ | ၁ |
| **ဘန့်တုံယန်း** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | ကရင်အမျိုးသမီး အစည်းအရုံး (KWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်လူငယ် အစည်းအရုံး (KYO) | ၁ | ၁ | ၁ | ၁ |
| **ထမ်ဟင်** | စခန်းကော်မီတီ | ၁ | ၁ | ၁ | ၁ |
| | သတင်းဖြန့်ချိရေးဌာန (Information-Sharing Centre) | ၁ | ၁ | ၁ | ၁ |
| | ကရင်ကျောင်းသားများ ကွန်ရက်အဖွဲ့ (KSNG) | ၁ | ၁ | ၁ | ၁ |
| | ကရင်အမျိုးသမီး အစည်းအရုံး (KWO) | ၁ | ၁ | ၁ | ၁ |
| | ကရင်လူငယ် အစည်းအရုံး (KYO) | ၁ | ၁ | ၁ | ၁ |
| | **စုစုပေါင်းများ** | ၃၈ | ၄၀ | ၄၆ | ၄၀ |